# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၈၆)




နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၆ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပွဲတော်များ တက်ရောက် ပိတောက်၊ အင်ကြင်း၊ ခရေနှင့် ကံ့ကော်ပင်များစိုက်ပျိုးပေး

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်အားပေးချီးမြှင့်ပြီး အမျိုးသားရေး ပန်းဖြစ်သော ပိတောက်၊ အင်ကြင်း၊ ခရေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။ ***ကျော်ဖုံးသို့*** ❒

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာကွယ်ရေးဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

# သက်ရှည်ကျန်းမာလိုလျှင် ဆေးလိပ်သောက်သုံးမှုရှောင်ကြဉ်

ဆေးလိပ်သောက်သုံးမှုကြောင့် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာနှင့် အခြားကင်ဆာရောဂါ အမျိုးမျိုးဖြစ်ပွားနိုင်သည်။

ဆေးလိပ်၊ စီးကရက်သောက်သုံးခြင်းကြောင့် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်ကြောင်း၊ ဆေးလိပ်၊ စီးကရက်သောက်သူများသည် အရွယ်တူများနှင့် နှိုင်းယှဉ်ပါက အဆုတ်နှင့်ပတ်သက်သော ရောဂါခံစားရနိုင်မှုငါးဆမျှရှိကြောင်း သုတေသီများ၏ လေ့လာမှုအရ သိရှိရသည်။ ဆေးလိပ်၊ စီးကရက်သောက်သူများသည် နာတာရှည်အဆုတ်နှင့် သက်ဆိုင်သော ပိတ်ဆို့မှုရောဂါများဖြစ်သော အဆုတ်ပွရောဂါနှင့် လေပြွန်ရောင်ရောဂါတို့ဖြစ်ပွားကာ ခန္ဓာကိုယ်အတွက် အောက်ဆီဂျင် မလုံမလောက်ဖြစ်စေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ နာတာရှည်အဆုတ်နှင့် သက်ဆိုင်သော ရောဂါသည် ၂၀၂၀ပြည့်နှစ်တွင် လူသားတို့၏အသက်ဆုံးရှုံးနိုင်သည့် ရောဂါများ၌ အဆင့်သုံးသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

နာတာရှည်အဆုတ်နှင့် သက်ဆိုင်သော ပိတ်ဆို့မှုရောဂါသည် ဗီဇနှင့်လည်း ဆက်နွယ်နေသည်။ ကိုယ်တိုင်ဆေးလိပ်၊ စီးကရက်သောက်သူများသာမက ဆေးကုခန်းများ၊ သူနာပြုများ အနေဖြင့်လည်း နာတာရှည်အဆုတ်နှင့် သက်ဆိုင်သည့် ရောဂါ၏လက္ခဏာများဖြစ်သော ချောင်းဆိုးခြင်းနှင့် အသက်ရှူကျပ်ခြင်းများကို သတိပြုစောင့်ကြည့်ရန် လိုပေသည်။

ဆေးလိပ်၊ စီးကရက်စသည့် ဆေးရွက်ကြီးထွက်ပစ္စည်းမှန်သမျှသည် အသက်အန္တရာယ်ပေးနိုင်သည်ချည်းသာ ဖြစ်သည်။ ကိုယ်တိုင်သောက်သုံးသူသာမက ဆေးလိပ်၊ စီးကရက်အငွေ့ရှူရှိုက်မိသူတို့ကိုပါ ရောဂါဖြစ်ပွားစေနိုင်သဖြင့် နိုင်ငံများစွာတွင် အများပြည်သူတို့နှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာရုံ၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ ကျောင်းများနှင့်အားကစားကွင်းများ၌ ဆေးလိပ်မသောက်ရနယ်မြေများ သတ်မှတ်ပေးထားသည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဆေးလိပ်၊ စီးကရက်သောက်သုံးမှုကို ရှောင်ကြဉ်သင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဒေါ်စွဲလန်းဆိုင်မိသားစု မနောဇကေရီစတိုး မင်္ဂလာလမ်း စမ်းချောင်းမှ အလှူငွေကျပ် ၄၃၀၀၀၀ ကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## အောင်မြေဗိမာန်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၅

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် အမှတ် ၃၅ ကျောင်းလမ်းရှိ အောင်မြေဗိမာန် စာသင်တိုက်၌ ဝါဆိုတော်မူကြမည့် သံဃာတော်အပါး ၉၀ တို့အား ဥပသကာအဖွဲ့က ကြီးမှူး၍ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်လှူဒါန်းပူဇော်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

## မြဝတီရုပ်မြင်သံကြား

၁၆–၇–၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | ကျန်းမာရွှင်လန်း ယောဂအစွမ်း |
| ၇:၁၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၇။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၄၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဆရာတော် ဦးဃောသိတ တရားတော် **“ပဋိစ္စသမုပ္ပာဒ်အခြေခံ” (အနုလောမပဋိလောမ)** |
| ၉:၁၀ | ၁၁။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **“ဂန္ဓဝင်မြောက်ချစ်ပုံပြင်”** |
| ၁၃:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၃၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၄၀ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၀၀ | ၇။ | အမေးကမ္ဘာ တွေးစရာ |
| ၅:၁၅ | ၈။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၅:၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၄။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၆:၄၀ | ၁၅။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း–၃၆) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ | **အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ “ထမ်းဆောင်ဝန်တာ သာသနာ့ရေးရာအဖြာဖြာ”** |
| | ၂၀။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သတ္တိဗျတ္တိ”** (အပိုင်း–၁၃) |

## ကွန်ပျူတာအသုံးချနည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

သာသနာရေး ဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၌ အခြေခံကွန်ပျူတာအသုံးချနည်းနှင့် ထိတွေ့ဆောင်ရွက်နည်းနှင့် အင်တာနက် (Leading to internet, E-mail) နှစ်လ သင်တန်းများကို ဇူလိုင် နောက်ဆုံးပတ်မှစတင်၍ အပတ်စဉ် ကြာသပတေး၊ သောကြာ၊ စနေနေ့များတွင် ညနေ ၄နာရီခွဲမှ ၆ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းသို့ အနိမ့်ဆုံး အခြေခံပညာ အထက်တန်း (က)၊ (ခ)အဆင့်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ် သိလိုသောအချက်များကို ဖုန်း–၆၅၀၇၁၂ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၇–၂၀၀၆ (တနင်္ဂနွေနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ဝါသနာရှင်စင်မြင့် (ညီသစ်ထူး၊ စုချစ်ဇော်) |
| ၇:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇:၅၀ | တေးဂီတအစီအစဉ် |
| ၇:၅၅ | မြစ်ရေတင်စိုက်ပျိုးရာတွင် ရေအလေအလွင့် နည်းပါးရေး |
| ၈:၀၅ | တေးဂီတအစီအစဉ် |
| ၈:၁၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာမ ယုဝတီခင်စိန်လှိုင်) |
| ၈:၂၅ | တေးဂီတအစီအစဉ် |
| ၈:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၄၀ | ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့ |
| ၈:၅၀ | တေးဂီတအစီအစဉ် |
| ၈:၅၅ | Sunday Talk (ဒေါက်တာဇော်သန်း၊ ဦးကိုကို–စက်မှုတက္ကသိုလ်) |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၀၀ | မိသားစုတနင်္ဂနွေ (ကန်တော်ကြီး Central Forest Zone) |
| ၁၀:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၅ | တေးဂီတအစီအစဉ် |
| ၁၀:၃၀ | သစ်ခွ |
| ၁၀:၄၅ | Myanmar Video Rhythm |
| ၁၁:၂၅ | တေးဂီတအစီစဉ် |
| ၁၁:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၀ | နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်၊ မွန်မွန်) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၁၆–၇–၂၀၀၆ ရက် (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၀ | ၅။ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ |
| ၈:၀၀ | ၆။ | အကပြိုင်ပွဲ |
| ၈:၁၀ | ၇။ | ကျင်းသာရေလှောင်တမံ |
| ၈:၂၀ | ၈။ | အတီးပြိုင်ပွဲ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Say it in English |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁:၄၀ | ၄။ | မြန်မာဗီဒီယိုဇာတ်လမ်း **“စွယ်တော်ရွက်ပုံပြင်”** ခန့်စည်သူ၊ ကျော်ဇေယျ၊ စိုးမြတ်နန္ဒာ၊ ထူးမွန် (ဒါရိုက်တာ–စိုးကျော်ဆန်း) |
| ၁၃:၅၅ | ၅။ | အဆိုပြိုင်ပွဲ |
| ၁၄:၀၅ | ၆။ | မူဆယ်ခရိုင် ပေါက်ကြွယ်လှိုင်များ ဆင်းရွှေလီစပါး (အပိုင်း–၂) |
| ၁၄:၂၀ | ၇။ | **“ပေါင်ပေါ်ကျတဲ့မီး”** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ – မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး) |
| ၁၄:၃၅ | ၈။ | ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား |
| ၁၄:၄၅ | ၉။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | ရန်ကုန်တိုင်း၊အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ်မြောက် ဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက–၆၊ ဗိုလ်တထောင်) (အမျိုးသားဝတ်ရွတ်အဖွဲ့) |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရက္ခဗေဒ) |
| ၁၇:၀၀ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇:၁၅ | ၆။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၁၈:၀၀ | ၇။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၈။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၉။ | သီရိဂေဟာ |
| ၁၉:၀၀ | ၁၀။ | Discovery |
| ၁၉:၁၀ | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“ဖြူစင်မေတ္တာ”** (အပိုင်း–၁၄) |
| ၂၀:၀၀ | ၁၂။ | ပြည်တွင်းသတင်း |
| | ၁၃။ | နိုင်ငံတကာသတင်းများ |
| | ၁၄။ | မိုးလေဝသအခြေအနေ |
| | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“မေတ္တာပန်းတိုင်”** (အပိုင်း–၂) |

# သာသနာရောင်ဝါ ထွန်းစေဖို့

**"ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့ မည်းညို၊ လဲ့လဲ့ငယ်စို၊ ယုဂန္ဓိုရ်တောင်မဟာက၊ ပြုဗ္ဗာသဥ္ဇွန်းတဲ့လကိုလေး။ ဆင်တာရာငယ်၊ ရာသီကရကဋ်၊ နရိန္ဒာလည်း၊ ညာတောင်နတ်နှင့် ဖိုလ်မြတ်ကယ်နိဗ္ဗူ၊ အောင်ဆုယူလို့၊ ရှစ်ခွင်ရိပ်စံ၊ ပဋ္ဌင်းတော်ခံသောအခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက သင်းလှတယ်လေး"**

မဟာအတုလမင်းကြီး၏ **"ဝါဆိုလဖွဲ့လွမ်းချင်း"**ပါအတိုင်း၊ ဝါဆိုလသည် နွေတစ်ပိုင်း၊ မိုးတစ်ပိုင်းရောနှောနေသော လဖြစ်ပြီး မိုးဝသန်၏ အေးမြမှုကြောင့် နွေအပူဒဏ်လျော့သည့်ကာလလည်းဖြစ်ပါသည်။ ကရကဋ်ရာသီ၊ပြုဗ္ဗာသဠ်နက္ခတ်နှင့် လမင်းယှဉ်ခြင်း၊ ဖုသျှနက္ခတ်နှင့် နေမင်းယှဉ်ခြင်း၊ ပုန်းညက်ပန်း၊ မြတ်လေးပန်းနှင့် မိကျောင်းပန်းတို့ပွင့်ခြင်းသည် လဝါဆို၏ သရုပ်သကန်များပင်ဖြစ်ပါသည်။ ဝါဆိုလသည် ရဟန်းသံဃာတို့ ဝါဆိုဝါကပ်ပြုတော်မူ၍ ဝါတွင်းသုံးလ ကာလအတွင်း မိမိတို့၏ ကျောင်းတိုက်များ၌သာ သီတင်းသုံးနေထိုင်ကြပါသည်။ ပြင်ပခရီး၊ ညဥ့်အိပ်၊ ညဥ့်နေမထွက်ဘဲ မိမိတို့ သီတင်းသုံးရာ ကျောင်းတိုက်အတွင်း၌ပင် ပရိယတ်၊ ပဋိပတ်တရားပွားများ အားထုတ်ကြရန် ဝါဆိုဝါကပ်ခြင်းကို မြတ်စွာဘုရားရှင် ပညတ်တော်မူသည့်အတိုင်း ကျင့်သုံးလိုက်နာခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီး ခုနစ်ဝါအရောက်တွင် ယခင်က မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကိုအကြောင်းပြု၍ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာခုနစ်ကျမ်းကို ဝါဆိုလပြည့်နေ့မှစ၍ ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခဲ့ပါသည်။ ထိုကာလကိုပင် သံဃာတော်တို့အတွက် ဝါဆိုသည့်ကာလရက်ပေါင်း ကိုးဆယ်(ဝါတွင်းသုံးလ)အဖြစ် သတ်မှတ်၍ ဝါဆိုဝါကပ်သံဃာတော်များအား ဗုဒ္ဓဘာသာဝင်တို့ကလည်း ဘုရား၊ ကျောင်း၊ ကန်များသို့ သွားရောက်ကာ သံသရာဝဲဩဃမှ လွတ်ကင်းရေးအတွက် ဆွမ်း၊ကွမ်း၊ ရေချမ်းစသည့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို စဉ်လာမပျက် လှူဒါန်းကြစမြဲဖြစ်သည်။ ဤဓလေ့သည်ပင် ဘာသာသာသနာက တာဝန်ပေးသကဲ့သို့ ဒါယကာ ဒါယိကာမများအနေဖြင့် သာသနာ့နွယ်ဝင် သံဃာတော်များအပေါ်တွင် ဆွမ်း၊ ကွမ်း၊ ဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းတာဝန်ယူခဲ့ကြသည့် သဘောပင်ဖြစ်ပေသည်။ ထိုသို့ ဆရာနှင့်ဒကာ အပြန်အလှန် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ သာသနာပြုနိုင်ခြင်းဖြင့် ဗုဒ္ဓသာသနာရောင်ဝါသည် အလျှံညည်းညည်း ထွန်းလင်းတောက်ပပြီး သာသနာအနှစ် ၅၀၀၀ ထက်မက တည်တံ့ကာ နေတစ်ထောင်၊ လတစ်ထောင်ပမာ ထွန်းလင်းတောက်ပ တည်တံ့မည်ဖြစ်ပါသည်။

ဗုဒ္ဓသာသနာ၏ အသက်သည် သာသနာကို စောင့်ရှောက်သော အကျင့်သိက္ခာ ဝိနည်းနှင့်ပြည့်စုံသော သံဃာတော်များသာဖြစ်ပါသည်။ သံဃာတော်တို့၏ အသက်သည် အာဟာရပင်ဖြစ်ပါသည်။ လောကီရေးရာ အသက်မွေးမှုအဖြာဖြာကို သံဃာတော်တို့က စွန့်လွှတ်ထားကြပါသည်။ သို့ဖြစ်၍ ဆွမ်းအာဟာရထောက်ပံ့လှူဒါန်းရန်မှာ ဒါယကာ ဒါယိကာမတို့၏ တာဝန်ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းလင်းသောနိုင်ငံအဖြစ် ကမ္ဘာတွင် ထင်ရှားသည်မှာ သံဃာတော်များအား ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးဟူသည့် ပစ္စည်းလေးပါးကို ပြည့်စုံစွာ ထောက်ပံ့နိုင်ခြင်းသည်လည်း အဓိက အချက်တစ်ခုပင်ဖြစ်ပါသည်။ စေတနာရှင် ဒါယကာ ဒါယိကာမများနှင့် အတူ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများကလည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုကိုခံယူလျက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များအား နှစ်စဉ် လှူဒါန်းဆက်ကပ် ချီးမြှင့်ထောက်ပံ့လျက်ရှိပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိ သံဃာတော် အလှူခံပုဂ္ဂိုလ် ၅၀ နှင့်အထက် အရေအတွက်ရှိသော ကျောင်းတိုက်များသို့ ကုန်ဆုံးခဲ့သော ၂၀၀၅ ခုနှစ် ဝါတွင်းကာလတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်၊ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲများကို ဘုန်းတော်ကြီးကျောင်း ၂၈၄ ကျောင်း၊ သီလရှင်စာသင်တိုက် ၄၄ တိုက်၊ လူမှုဝန်ထမ်း ဘိုးဘွားမျက်မမြင်ကျောင်းရှစ်ကျောင်း စုစုပေါင်း ၃၃၆ ကျောင်းနှင့်အတူ အလှူခံပုဂ္ဂိုလ်ပေါင်း ၃၅၄၀၄ ဦးတို့အား လှူဒါန်းပြီးခဲ့သည်မှာ ကြည်နူးဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ ထိုသို့လှူဒါန်းရာတွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ သီလရှင်စာသင်တိုက်များနှင့်အတူ အစ္စလာမ်ဘာသာဆိုင်ရာ သက်ကြီးဂေဟာနှင့် အဘွားများ သုခရိပ်သာနှစ်ခု၊ ခရစ်ယာန် သီလရှင်များ ဦးစီးသည့် ဘိုးဘွားရိပ်သာတစ်ခု၊ ဆွံ့အနားမကြား ကလေးများကျောင်းတစ်ကျောင်းနှင့် မျက်မမြင်ကလေးများ ကျောင်းတစ်ကျောင်းတို့လည်း ပါဝင်ပါသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း (သတ္တုတွင်းဝန်ကြီးဌာန)၊တိုင်းရင်းဆေးပညာဦးစီးဌာန(ကျန်းမာရေးဦးစီးဌာန)၊ မှန်ချိုထွန်းရွှေဝါ၊ လူပျံတော်ပတ္တမြား၊ ထက်လင်း၊ ကေသီပန်၊ စန္ဒီပရဆေး၊ ဂရိတ်ဝေါ၊ ကျော် စသည့် ပုဂ္ဂလိက တိုင်းရင်းဆေး ရောင်းဝယ်ရေးကုမ္ပဏီများ၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆားကုန်သည်များနှင့် ကုန်စည်ဒိုင်အသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် စသည့် စီးပွားရေး လုပ်ငန်းအသင်းအဖွဲ့များ၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီ၊ သမ္မတသက်န်းတိုက်၊ ဝင်းရတနာခရီးသည် ပို့ဆောင်ရေးစသည့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်မြို့နယ်များမှ စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းခဲ့ကြသည့် အရေအတွက်မှာ ဆန် ၉၅၃၅ အိတ်၊ ဆီ ၄၄၆၅ ပိဿာ၊ ပဲ ၇၀၀၄ ပိဿာ၊ ဆား ၃၇၈၁၉ ပိဿာ၊ ဆားဘူး ၇၇၀၁ ဘူး၊တိုင်းရင်းဆေးမျိုးစုံ ၁၇၄၉၄၃ ဘူး၊ဆပ်ပြာကြမ်း/ချော ၇၀၈၀၈ ခဲ၊ ငါးခြောက်ပိဿာ ၁၉၀၄၀၊ ရေတ်သီးမှုန့်ပိဿာ ၁၃၆၂၀၊ ငံပြာရည် ၁၉၈ ပုလင်း၊ ဒူးရင်းယိုထုပ် ၇၀၊ ခေါက်ဆွဲခြောက်ထုပ် ၂၁၉၀၊ အချိုရည်ဘူး ၃၆၀၊ ကော်ဖီမစ်ကြီးထုပ် ၃၀၊ သကြားလုံး ၉၆ ထုပ်၊ ဘောပင် ၁၅၃၆ ချောင်း၊ ဘုရားပုံတော် ၇၁၀၊ ဗုဒ္ဓတရားစာအုပ် ၄၉ အုပ်နှင့် ဗုဒ္ဓတရားစီဒီ အချပ် ၇၀ တို့ ဖြစ်ပါသည်။

## မိုးရန်နိုင် (ကျောက်ကြီး)

လှူဒါန်းခဲ့သည့် ကျောင်းပေါင်း ၃၃၆ ကျောင်းသို့ ဆွမ်းပဒေသာပင်၊ ထာဝရငွေပဒေသာပင်အဖြစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက တစ်ကျောင်းလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၃၆၀၀၀၀ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၁၉၉၉၅၁၀ အားလုံးစုစုပေါင်း ငွေပဒေသာပင်အလှူငွေ ၂၂၃၃၅၅၅၁၀ (ကျပ်နှစ်ထောင်နှစ်ရာသုံးဆယ့်သုံးသိန်းငါးသောင်းငါးထောင်ငါးရာ တစ်ဆယ်တိတိ)ကို စိုက်ထူလှူဒါန်းပေးနိုင်ခဲ့ကြောင်း မှတ်တမ်းများအရ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် ဖော်ပြအပ်ပါသည်။ (၁၉၉၆ခုနှစ်တွင် ပထမအကြိမ် စတင်လှူဒါန်းစဉ်က ကျောင်းတိုက်ရိပ်သာ ၆၃ ခု၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ် ၆၀၈၂၊ သီလရှင်များနှင့် လူပုဂ္ဂိုလ် ၁၃၀၀ တို့အား ဆန်အိတ် ၂၈၀၀၊ ဆီပိဿာ ၂၂၁၀ နှင့် ပဲ ၇၇ အိတ်တို့ လှူဒါန်းခဲ့ကြောင်း မှတ်တမ်းအရ သိရှိရ ပါသည်။)

မည်သည့်လုပ်ငန်းမဆို လုပ်ဆောင်ရသည့် ရည်ရွယ်ချက်ရှိစမြဲဖြစ်ပါသည်။ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲလှူဒါန်းပွဲများအတွက် ထားရှိသည့် ရည်ရွယ်ချက်မှာ ကြည်နူးသဒ္ဓါပွားစရာဖြစ်ပါသည်။ တပ်မတော်သားများအနေဖြင့် နယ်စပ်ဒေသ၊ တောင်ပေါ်ဒေသပါမကျန် နိုင်ငံအနှံ့တွင် စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်များကို မအားမလပ် ထမ်းဆောင်နေရသဖြင့် ဒါနကုသိုလ်အမှုပြုနိုင်ဖို့ အခွင့်အခါကောင်းများ ကြုံကြိုက်ရန် ခက်ခဲပါသဖြင့် တပ်မတော်တစ်ရပ်လုံးကို ကိုယ်စားပြု၍ ဒါနကုသိုလ်အမှုကို ပြုလုပ်ရခြင်း၊ တစ်ချိန်တည်းမှာပင် စေတနာရှင်ပြည်သူများကိုပါ တပ်မတော်သားများနှင့်အတူ ပါဝင်ကုသိုလ်ယူနိုင်စေရန် စီစဉ်ပေးရခြင်းမှာ ပထမရည်ရွယ်ချက်ဖြစ်ပါသည်။ ဒုတိယရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာ တည်တံ့ရေးအတွက် ဓူရနှစ်ဖြာကို ကျင့်သုံးတည်ဆောက်နေကြသော သာသနာ့ဝန်ထမ်း ဆရာတော် သံဃာတော်များ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ မပူပင် မကြောင့်ကြစေရန်နှင့် ပရိယတ္တိစာပေ သင်ကြားပို့ချမှုကို ချမ်းသာစွာ ဆောင်ရွက်နိုင်ပြီး ဆရာနှင့်ဒကာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သာသနာပြုခြင်းဖြင့် သာသနာအနှစ် ၅၀၀၀ မက နေတစ်ထောင်၊ လတစ်ထောင်ပမာ ထွန်းလင်းတောက်ပ တည်တံ့လာစေရန် ဖြစ်ပါသည်။

တတိယရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း ဗုဒ္ဓတရားတော်ကို အခြေခံသည့် ယဉ်ကျေးမှုများသည် မွန်မြတ်သန့်စင်ကြည်နူးဖွယ်ရာ ဖြစ်သဖြင့် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် ပါဝင်သည့် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့်အတိုင်း ရည်ရွယ်လှူဒါန်းခြင်း ဖြစ်ပါသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရန် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် ဦးတည်ချက်(၁၂)ရပ်ကို အမျိုးသားရေးတာဝန်အဖြစ် ချမှတ်ကာ နေ့မအား၊ ညမနားဆောင်ရွက်ခဲ့၍ နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနယ်ပယ်အသီးသီးတွင် တိုးတက်မှုများ ရရှိသင့်သလောက် ရရှိနေပြီ ဖြစ်ပါသည်။ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းမှုရရှိစေရန် တပ်မတော်သားများသည် နိုင်ငံတော်နှင့် အမျိုးဘာသာ သာသနာအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရင်း အသက်ပေး လှူဒါန်းခဲ့ကြခြင်း၊ ကိုက်လက်အင်္ဂါများ စွန့်လွှတ်ရခြင်းများ ရှိခဲ့သည့်အတွက် ယခုကဲ့သို့ နှစ်စဉ်လှူဒါန်းမှုအစုစုတို့၏အဖို့ဘာဂကို ရေစက်ချ အမျှပေးဝေခြင်းဖြင့် ကောင်းရာသုဂတိသို့ ရောက်ပါစေခြင်းအတွက်လည်း သာဓုအနုမောဒနာ ခေါ်ဆိုနိုင်စေရန် စတုတ္ထနှင့် နောက်ဆုံးရည်ရွယ်ချက်လည်း ပါဝင်ပေသည်။

ရည်ရွယ်သည့်အတိုင်း အလှူခံပုဂ္ဂိုလ်များဖြစ်ကြသည့် ဗုဒ္ဓဘာသာကျောင်းများမှ ဆရာတော်ကြီးများ၊ ခရစ်ယာန်ဘာသာဝင် ရိပ်သာများမှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးများနှင့် ပုဂ္ဂိုလ်များ၊ အစ္စလာမ်သက်ကြီးဂေဟာနှင့် အဘွားများ သုခရိပ်သာတို့မှ ဂေဟာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဂေဟာမှူးစသည့် ပုဂ္ဂိုလ်ကြီးငယ်တို့၏ဝမ်းမြောက်ဝမ်းသာ အနုမောဒနာစကားများ၊ ဆုတောင်းမေတ္တာပို့သချက်များသည် အလှူပေးပုဂ္ဂိုလ်တို့က ပေးအပ်သော ပုဗ္ဗ၊ မုဥ္စ၊ ပရ စေတနာ၊ အလှူခံပုဂ္ဂိုလ်တို့၏ ကောင်းချီးထောမနာသံတို့ဖြင့် ဘဝင်ညံခဲ့ပါသည်။

ဗုဒ္ဓဘာသာကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်ကြီးများ ချီးမြှင့်ဟောကြားတော်မူခဲ့သော အနုမောဒနာတရားများအနက်မှ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်ရှိ မင်္ဂလာရာမကျောင်းတိုက်၊ ဘုရားဖြူကျောင်းတိုက်၊ မြသိန်းတန်ကျောင်းတိုက်ရှိ သံဃာတော်များအား တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်များက ဆွမ်း၊ဆန်၊ဆီ၊ဆား၊ဆေး၊ပဲ လှူဒါန်းပွဲ၌ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘုရားဖြူကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ နရိန္ဒာဘိဝံသက ဩဝါဒကထာ တရားတော်ကို ဟောကြားခဲ့ရာတွင် "ဘုန်းကြီးတို့ အတိတ်အကြောင်းကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် အနှစ် ၆၀၀လောက်မှာ မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာဌာနမှာ သာသနာပ ပုဂ္ဂိုလ်များက စိုးမိုးအုပ်ချုပ်သွားသည့်အတွက် ရဟန်းတော်တွေမှာ ကျောင်း၊သင်္ကန်း၊ဆွမ်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းမည့်သူ မရှိခြင်း၊ အဲဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ကြီးမှာ ပျောက်ကွယ်သွားခဲ့ဖူးသည် ဆိုသည့် သမိုင်းကြောင်း ရှိခဲ့ပါသည်။ ထို့ကြောင့် ယနေ့ တပ်မတော်အစိုးရနှင့် တကွ စေတနာရှင်အပေါင်း သူတော်ကောင်းတို့က သာသနာတော်ကြီး ပျောက်မသွားရအောင် နိုင်ငံအနှံ့အပြားရှိကြသည့် စာသင်တိုက်များအား ဆွမ်းဆန်တော် အစရှိသည့် ဒါနဝတ္ထုပစ္စည်းတွေကို လှူဒါန်းကြသဖြင့် သာသနာတော်ကို အသက်ဆက်ပေးတာပဲ၊ သာသနာတော် တည်တံ့ကြောင်း ကောင်းမြတ်တဲ့ အလုပ်တွေပဲဟု ဘုန်းကြီး မှတ်ယူပါတယ်။ ဘုန်းကြီးတို့ နိဓိကဏ္ဍသုတ်မှာလည်း "ယဿဒါနေန သီလေန၊ သံယမေန ဒမေန" ဆိုပြီးတော့ ဒကာ ဒကာမတွေဘက်က စုဆောင်းရမယ့်ရွှေအိုးများ မြှုပ်ထားသလို မိမိ သန္တာန်မှာ မြှုပ်နှံရမယ့် ဒါန၊ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ တရားလေးပါးကိုလည်း မြှုပ်နှံပြီးသားဖြစ်သွားပါတယ်"ဟု အနုမောဒနာတရား ချီးမြှင့်ခဲ့ပါသည်။

ခရစ်ယာန်ဘိုးဘွားရိပ်သာ (ကန်တော်လေး)တွင် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့်အလှူငွေများ လှူဒါန်းထောက်ပံ့ပေးသည့် အခမ်းအနား၌ ခရစ်ယာန်ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ဆုတောင်းပေးရာတွင် "ယနေ့တပ်မတော် (ကြည်း၊ရေ၊လေ)နှင့်ကုန်သည် အလှူရှင်များ၊ အခြားပါရမီရှင်များအတွက် ဤဘိုးဘွားရိပ်သာမှ မေတ္တာပို့ဆုတောင်းပတ္ထနာပြုပါသည်။ အလှူဒါနသည် ဘုရားရှင်ကိုယ်တော်နှင့် ဘာသာတရားကို လေးစားကြည်ညိုခြင်း ဖြစ်သဖြင့် ထိုက်တန်သော အကျိုးဆုလာဘ်ဖြင့် ချီးမြှင့်တော်မူပါ။ အလှူဒါနသည် ခြိုးခြံချုပ်တည်းခြင်းဖြစ်သဖြင့် အပြစ်ကြွေးမြီများမှ လွတ်မြောက်စေတော်မူပါ။ အလှူဒါနသည် ကိုယ်တော်ရှင်အပေါ်၌ ကတိကဝတ်ပြည့်စုံခြင်းဖြစ်သဖြင့် ကိုယ်တော်အား သဒ္ဓါကြည်ညိုခြင်းစိတ် ပွားများစေတော်မူပါ။ အလှူဒါနသည် ချစ်ခြင်းမေတ္တာနှင့် ဖြောင့်မတ် စင်ကြယ်သော သီလကိုဖြစ်စေသဖြင့် သတ္တဝါအားလုံးအပေါ် ကြင်နာစိတ်ပေးတော်မူပါ။ အလှူဒါနသည် သီလပါရမီဖြစ်သဖြင့် အလှူပေးကမ်းခြင်း၌ ရဲဝံ့ကြပါစေ"ဟု ဆုမွန်တောင်းပေးခဲ့ပါသည်။

မွတ်စလင်သက်ကြီးဂေဟာနှင့် အဘွားသုခရိပ်သာ (သဃ်န်းကျွန်း) တွင် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့်အလှူငွေများလှူဒါန်းပွဲတွင် ဂေဟာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဟာဂျီဦးလှဝေက "လှူဒါန်းပွဲအခမ်းအနားကို တက်ရောက်ချီးမြှင့်ကြသည့်အတွက် ကျွန်တော်များမွတ်စလင်သက်ကြီး ဂေဟာအုပ်ချုပ်ရေးအဖွဲ့နှင့် အဘိုးများကိုယ်စားလည်းကောင်း၊ အဘွားသုခရိပ်သာ(သဃ်န်းကျွန်း)အုပ်ချုပ်ရေးအဖွဲ့နှင့်အဘွားများကိုယ်စားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဤကဲ့သို့ နှစ်စဉ်လှူဒါန်းရသော အကျိုးကျေးဇူးကြောင့် နှစ်ဘဝ၊ နှစ်ဌာနလုံးတွင် အလ္လာဟ်အရှင်မြတ်၏ ကြီးမားသော အကျိုးကျေးဇူးများနှင့် စောင့်ရှောက်မှုများ ပေးသနားတော်မူပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း" ဆုတောင်းပတ္ထနာခြွေခဲ့ပါသည်။

အလှူရှင်ပုဂ္ဂိုလ်တို့အနေဖြင့် လှူဒါန်းရာတွင် ပုဗ္ဗ၊ မုဥ္စ၊ ပရဆိုသည့် စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူရသည်ဟု ဘုရားရှင်၏ မိန့်မှာချက်အတိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)တပ်မတော်သားများနှင့်အတူတကွ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

16-7 (03).p65 1 1/18/32, 9:50 PM



နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ရောက်ရှိနေသော အာကာသယာဉ်မှူးနှစ်ဦး အာကာသအတွင်း လမ်းလျှောက်ထွက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အာကာသယာဉ်မှူးများ အာကာသအတွင်း လမ်းထွက်လျှောက်

ဝါရှင်တန် ဇူလိုင် ၁၅

**ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်နှင့် လိုက်ပါသွားပြီး နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရောက်ရှိနေသော အာကာသယာဉ်မှူးများအနက် မိုက်ဖိုဆမ်နှင့် ပီယာစ်ဆဲလ်လာတို့နှစ်ဦးသည် အာကာသအတွင်း တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် အောင်မြင်စွာလမ်းလျှောက်နိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။**

အဆိုပါ အာကာသ ယာဉ်မှူးနှစ်ဦးမှာ ဇူလိုင်၁၂ရက် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက အာကာသအတွင်း လမ်းထွက်လျှောက်ခဲ့ခြင်း ဖြစ်ကြောင်း ဒစ္စကာဗာရီ အာကာသ လွန်းပြန်ယာဉ်၏ အပြင်ဘက်တွင် ၇ နာရီနှင့် ၁၁ မိနစ်ကြာအောင် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။

**မှတ်တမ်းတင်ခဲ့**

ထို့အပြင် ဒစ္စကာဗာရီ လွန်းပြန်ယာဉ်၏ အပြင်ဘက်အပူကာ ပစ္စည်းကိုလည်း စစ်ဆေးမှုနှင့်လိုအပ်သည့် ပြင်ဆင်မှုများကို အာကာသယာဉ်မှူးများက ပြုလုပ်ခဲ့ကြသည်။ ဒစ္စကာဗာရီတွင် တပ်ဆင်ထားသော ကိုယ်ထည် အပြင်ဘက်မှ အကာနှစ်ခုပျက်စီးမှုကိုလည်း အနီအောက်ရောင်ခြည်သုံး ကင်မရာဖြင့် စက္ကန့် ၆၀ ကြာ မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကယ်လီဖိုးနီးယား၌ တောမီးလောင်

**လော့အိန်ဂျလိစ် ဇူလိုင် ၁၅**

အမေရိကန်နိုင်ငံ တောင်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့အရှေ့ပိုင်း တစ်ဝိုက်တွင် ဇူလိုင် ၁၂ ရက်က တောမီးလောင်ကျွမ်းခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ပျက်စီး**

ထိုနေရာတစ်ဝိုက်ရှိ ဒေသခံတစ်ထောင်ကျော် ထွက်ပြေးခဲ့ရပြီး အနည်းဆုံးလူနေအိမ်နှင့် အဆောက်အအုံ ၃၀ ပျက်စီးခဲ့ရသည်။

**ပြောင်းရွှေ့ပေး**

တောမီးလောင်ကျွမ်းသည့်နေရာနှင့်ကီလိုမီတာ ၁၅၀ ခန့်အကွာရှိ အိမ်ခြေ ၁၀၀အား ဘေးကင်းရာ နေရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

မီးတောက်လောင်နေစဉ် လေပြင်းများတိုက်ခိုက်နေသဖြင့် နေရာအများအပြားသို့ ကူးစက်လောင်ကျွမ်းမှာကို မီးသတ်တပ်ဖွဲ့ဝင်များ စိုးရိမ်နေရသည်။ မီးအားငြိမ်းသတ်နိုင်မည့် အချိန်ကိုခန့်မှန်း ပြောဆိုရန်အတွက် မီးသတ်တပ်ဖွဲ့မှ ငြင်းဆိုခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**




**အမေရိကန်နိုင်ငံ တောင်ပိုင်း ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့တွင် တောမီးလောင်ကျွမ်းနေသည်ကို ဇူလိုင် ၁၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

## ပါကစ္စတန်နှင့် ဂျာမနီတို့ မဟာဗျူဟာကျကျပူးပေါင်းဆောင်ရွက်မည်

**အစ္စလမ္မာဘတ် ဇူလိုင် ၁၅**

ပါကစ္စတန်နှင့် ဂျာမနီနှစ်နိုင်ငံတို့သည် ပထမဆုံးအကြိမ်အဖြစ် မဟာဗျူဟာကျကျ တွေ့ဆုံဆွေးနွေးမှုကို ဇူလိုင်၁၂ရက်က အစ္စလမ္မာဘတ် မြို့တွင် ပြုလုပ်ခဲ့ကြကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားလိုက်သည်။

**ဆွေးနွေး**

နှစ်နိုင်ငံတို့အနေဖြင့် ကာကွယ်ရေးနယ်ပယ်၊ ပညာရေး၊ သုတေသနနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ပြုလုပ်သွားရေးကို ဆွေးနွေးခဲ့ကြသည်ဟု ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။ ထို့အပြင် အနာဂတ်ကာလတွင် နှစ်ဘက်ကာကွယ်ရေးတပ်ဖွဲ့များအကြား မည်သို့ပူးပေါင်းဆောင်ရွက်သွားကြမည်ကိုလည်း ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ပါကစ္စတန်ထိပ်တန်းအရာရှိကြီးတစ်ဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်သလို ဂျာမနီနိုင်ငံစစ်ဘက်ဆိုင်ရာအရာရှိကြီးတစ်ဦး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

ပါကစ္စတန်နှင့် ဂျာမနီနိုင်ငံတို့အနေဖြင့် ဒေသဆိုင်ရာကိစ္စရပ်များကိုလည်းဆွေးနွေးခဲ့ကြပြီး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## တံဆိပ်အတုဖြင့်ထုတ်လုပ်သည့်စီးကရက်များ တရုတ်နိုင်ငံ၌ဖမ်းဆီးရမိ

ပေကျင်း ဇူလိုင် ၁၅

**တရုတ်နိုင်ငံတွင် ၂၀၀၆ခုနှစ်၏ ပထမနှစ်ဝက်အတွင်း တံဆိပ်အတုဖြင့် ထုတ်လုပ်သော စီးကရက် ၃ ဒသမ ၄၆ ဘီလီယံကို ဖမ်းဆီးရမိခဲ့ကြောင်း တရုတ်ဆေးရွက်ကြီး ကုန်သွယ်မှု အုပ်ချုပ်ရေးအဖွဲ့မှ ဇူလိုင် ၁၃ ရက်က ထုတ်ပြန်ကြေညာသည်။**

တံဆိပ်အတုဖြင့် စီးကရက်ထုတ်လုပ်မှုနှင့် ဆက်နွယ်ပတ်သက်သူ ၂၈၅၈ ဦးကို ဥပဒေအာဏာအပ်နှင်းထားသော အေဂျင်စီများက ဖမ်းဆီးခဲ့ပြီး လူ ၈၄၄ ဦးကို တရားစွဲလိုက်ကြောင်း ယင်းအုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကျန်ရှုလင်းက ပြောကြားသည်။

**ပြောကြား**

ပထမခြောက်လအတွင်း ဆေးရွက်ကြီးစက်မှုလုပ်ငန်း စီးကရက်တစ်ထရီလီယံကျော် ထုတ်လုပ်ခဲ့ပြီး အခွန်မဆောင်ရသေးမီ အမြတ်ငွေ အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၇၅ ဘီလီယံ ရရှိခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ် ၁၈ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကျန်ကပြောကြားသည်။

**ဖော်ပြ**

တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သူ သန်း၃၀၀ ခန့်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက်၌ ဗုံးပေါက်ကွဲ၊ လူခြောက်ဦးသေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၁၅**

ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက်ရှိ အီရတ်ကောင်စီဝင်ဌာနချုပ်အား ဇူလိုင် ၁၃ ရက်က အသေခံဗုံးခွဲသမားများ ဝင်ရောက်တိုက်ခိုက်မှုကြောင့်ခြောက်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဘာကူဘာမြို့အနီး အဘူဆိုင်ဒါဒေသရှိ ကောင်စီဝင်ဌာနချုပ်တွင် အသေခံ ဗုံးခွဲသမားသည် ပေါက်ကွဲစေသည့်ပစ္စည်းများပါ အင်္ကျီဝတ်ဆင်လျက် ဝင်ရောက်ဖောက်ခွဲခဲ့သဖြင့် ကောင်စီဝင်လေးဦး အပါအဝင် ခြောက်ဦးသေဆုံးခဲ့ကြောင်း ရဲဘက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့သည်။

ပေါက်ကွဲမှုပြင်းထန်သောကြောင့် ကောင်စီဝင်ဌာနချုပ် အဆောက်အအုံ ပျက်စီးခဲ့ပြီး ဒေသဆိုင်ရာ ကောင်စီဝင် ခေါင်းဆောင်အပါအဝင် လူသုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဟူစတန်၌ ဓာတုဗေဒသိုလှောင်ရုံယိုစိမ့်မှုဖြစ်ပွား



**ဓာတ်ငွေ့ယိုစိမ့်မှုဒဏ်ခံရသူတစ်ဦး ဆေးဝါးကုသမှုခံယူနေစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**ဟူစတန် ဇူလိုင် ၁၅**

အမေရိကန်နိုင်ငံ ဟူစတန်မြို့ အရှေ့မြောက်ပိုင်းရှိ ဓာတုဗေဒသိုလှောင်ရုံတစ်ရုံမှ ဓာတုဗေဒယိုစိမ့်မှုတစ်ခုဖြစ်ပွားရာ ဒေသခံလူ ၂၁ဦးဆေးရုံသို့ တင်ပို့လိုက်ရကြောင်း၊ ဖြစ်ပွားမှုမှာ ဇူလိုင်၁၂ရက်က ဖြစ်ကြောင်း သိရသည်။

အဆိုပါဓာတုဗေဒပစ္စည်းသိုလှောင်ရုံ ယိုစိမ့်ထွက်မှုတွင် ဟိုက်ဒရိုဘရိုမစ်အက်စစ်ဓာတ်ငွေ့ပျံ့နှံ့မှုကြောင့် ဓာတုဗေဒသိုလှောင်ရုံရှိ လူ ၁၀၀ ကျော်ကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယခုဖြစ်ပွားသည့် ဓာတုဗေဒစက်ရုံမှာ နေလောလုပ်ငန်းပိုင် ဓာတုဗေဒသိုလှောင်ရုံဖြစ်ကြောင်းလည်း ဟူစတန်ရုပ်မြင်သံကြားသတင်းဌာနက ပြောကြားသည်။

ဟိုက်ဒရိုဘရိုမစ်အက်စစ်သည် ဟိုက်ဒရိုကလိုရစ်အက်စစ်ထက် ပိုမိုပြင်းထန်ကြောင်းသိရသည်။ **အမ်အင်အေ၊ရိုက်တာ**



တရုတ်နိုင်ငံရှိ ရှေးဟောင်းယဉ်ကျေးမှုတစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# တရုတ်နိုင်ငံတစ်ဝန်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် နေရာများဖော်ထုတ်ရန် နှစ်ပေါင်း ၁၀၀ခန့် လိုအပ်မည်ဟု တရုတ်ကိုယ်စားလှယ်ပြောကြား

ဗီလ်နပ်စ် ဇူလိုင် ၁၅

**ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ရှေးဟောင်းဌာနများအားလုံးကို ဖော်ပြနိုင်ရန် နှစ်၁၀၀ခန့် လိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်ကော်မတီ (ဒဗလျူအိတ်ချ်စီ)က ကျင်းပသော အကြိမ်(၃၀)မြောက် အစည်းအဝေးတွင် တရုတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝမ်ဖန်ဂူက ဇူလိုင် ၁၂ရက်၌ ပြောကြားလိုက်သည်။**

တရုတ်နိုင်ငံတွင် ရှေးဟောင်း အမွေအနှစ် စာရင်းဝင်နေရာ ၂၀၀ ကျော်ရှိကြောင်း တရုတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်က ပြောကြားသည်။

### ရောနှော

အဆိုပါ ရှေးဟောင်းအမွေအနှစ် စာရင်းဝင်နေရာ ၂၀၀ ကျော်အနက် ယခုအခါ ၆၀ကျော်ကို ဖော်ထုတ်နိုင်ခဲ့ပြီး ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ယင်းတို့မှာ သဘာဝအတိုင်းဖြစ်တည်နေသော နေရာ ၁၇ ခု၊ ယဉ်ကျေးမှုဆိုင်ရာနေရာ ၃၀နှင့် အကြောင်းအရာမျိုးစုံရောနှောနေသော နေရာ ၁၃ခုတို့ဖြစ်ကြောင်း မစ္စတာဝမ်က ပြောကြားသည်။

### ဖော်ထုတ်

တရုတ်နိုင်ငံအနေဖြင့် နှစ်စဉ် ရှေးဟောင်း အမွေအနှစ်စာရင်းဝင် သီးခြားနေရာနှစ်ခု၊ သဘာဝအတိုင်းဖြစ်တည်နေသော ရှေးဟောင်းအမွေအနှစ် နေရာတစ်ခုနှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာတစ်ခုကို ဖော်ထုတ်နိုင်ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်ခဲ့သည်။

တရုတ်နိုင်ငံ တစ်ဝန်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်နေရာ အားလုံးဖော်ပြနိုင်ရန် နှစ် ၁၀၀ခန့် အချိန်ယူရမည်ဖြစ်ကြောင်း မစ္စတာဝမ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကိုလံဘီယာတွင်မြေပြို၍ ခြောက်ဦးသေဆုံး

ဘိုဂိုတာ ဇူလိုင် ၁၅

ကိုလံဘီယာ တာဒိုဒေသတွင် မိုးသက်မုန်တိုင်းများ ကျရောက်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူကြီးသုံးဦးနှင့် ကလေးသုံးဦး သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၁၂ရက်တွင် ပြောကြားသည်။

ပနားမားနယ်စပ်အနီးရှိ တာဒိုမြို့တွင် မြေပြိုမှုကြောင့် အိမ်သုံးလုံး မြေများဖုံးလွှမ်းခံရကာ လူခြောက်ဦး သေဆုံးခဲ့သည်။ ယင်းသေဆုံးသူ ခြောက်ဦးစလုံးမှာ မိသားစုတစ်စုအတွင်းမှ ဖြစ်ကြသည်။

ကိုလံဘီယာနိုင်ငံ၏ အချို့ဒေသများတွင် မိုးခေါင်မှုဒဏ်ကို ခံစားနေရချိန်တွင် အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ကြုံတွေ့နေရသဖြင့် ဆိုးရွားသည့် ရာသီဥတုဒဏ်ကို ခံစားနေကြရသည်။ မိုးသက်မုန်တိုင်းများသည် နိုင်ငံ၏ ဒုတိယမိုးရာသီအစ စက်တင်ဘာလတွင် ပြန်လည်ဝင်ရောက်နိုင်သည်ဟု ကိုလံဘီယာ မိုးလေဝသဌာနက ပြောကြားသည်။

ယခုနှစ်၏ ပထမမိုးရာသီအတွင်း ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများကြောင့် လူ၁၃၀သေဆုံးပြီး လူ၃၃၀၀၀၀ ဒဏ်ရာရခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကိုယ်လက်လှုပ်ရှား အလုပ်လုပ်ရသူများ ထိုင်၍အလုပ်လုပ်ရသည့်သူများထက် အသက်ပိုရှည်ကြ

ချီကာဂို ဇူလိုင် ၁၅

**ဆိုင်တွင်ပန်းကန်ဆေးရသူများ၊ လှေကားအတက်အဆင်း လုပ်ကြရသည့်သူများ သို့မဟုတ် တစ်စုံတစ်ရာ လှုပ်လှုပ်ရှားရှားလုပ်နေကြရသည့် အသက်ကြီးသူလူများသည် ၎င်းတို့အသက်လောက်ရှိ ထိုင်လုပ်ရသည့် သူများထက် အသက်ပိုရှည်စွာ နေထိုင်ရကြောင်း ဇူလိုင် ၁၁ရက်တွင် ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြပါရှိသည်။**

သမားရိုးကျ လေ့ကျင့်ခန်းကို သေချာပေါက် မလုပ်ရသော ကိုယ်ကာယဖြင့်သာ လုပ်ငန်းလုပ်ဆောင်ရသည့် အသက် ၇၀မှ ၈၂နှစ်အတွင်းရှိ လူ ၃၀၂ဦးကို လေ့လာရာတွင် ၎င်းတို့သည် လှုပ်ရှားမှုနည်းသူများထက် သေဆုံးမှု ပိုမိုနည်းပါးကြောင်း လေ့လာတွေ့ရှိရသည်။

### ပိုမိုကောင်းမွန်

အရွယ်ရောက်ပြီး အသက်အရွယ်ရလာသူများအတွက် မည်သည့်လှုပ်ရှားမှုမဆို ပြုလုပ်ခြင်းသည် လှုပ်ရှားမှုမရှိခြင်းထက် ပိုမိုကောင်းမွန်ကြောင်း ဘက်စ်ဒါမာရီလင်းရှိ အမေရိကန် အမျိုးသား သိပ္ပံဌာနမှ လေ့လာချက်ရေးသားသူ တော့ဒ်မာနီနီက ပြောကြားသည်။

လေ့လာခဲ့သူများအနက် စွမ်းအားကို အသုံးပြုကြသည့် သုံးပုံတစ်ပုံသည် လေ့လာသည့်ခြောက်နှစ်ကျော်ကာလ၌ သေဆုံးမှုမှာ ၁၂ ရာခိုင်နှုန်းရှိပြီး ၂၅ ရာခိုင်နှုန်းကမူ အနည်းဆုံး ဖျတ်လတ်သွက်လက်လျက် ရှိနေသေးကြောင်း ရေးသားချက်တွင် ဖော်ပြထားသည်။

### ကာကွယ်တားဆီး

အဘယ်ကြောင့် ယင်းသို့ဖြစ်ရသည်ကို လေ့လာချက်တွင် မဖော်ပြထားသော်လည်း မည်သည့်လေ့ကျင့်ခန်းမဆိုပြုလုပ်ခြင်းသည် နှလုံးရောဂါမှ ကင်ဆာရောဂါအထိ အနည်းနှင့်အများ ကာကွယ်တားဆီးနိုင်ကြောင်း မာနီနီက ပြောကြားသည်။

အထက်ပါ အကျိုးအမြတ်များ အောင်မြင်အထမြောက်ရန် အတွက် မည်မျှ လုပ်ဆောင်ရမည်နှင့် မည်သည့်အမျိုးအစား ကိုယ်ကာယ လှုပ်ရှားဆောင်ရွက်ရမည်ကို သက်ဆိုင်ရာနားလည်ကျွမ်းကျင်သူများနှင့် ညှိနှိုင်းတိုင်ပင်ရန်လိုအပ်ကြောင်း စတင်းဖို့ဒ်တက္ကသိုလ် ဆေးဘက်ဆိုင်ရာကျောင်းမှ ဝီလီယံအိုင်လပ်စ်ကီးလ်နှင့် ဒါးလ်လပ်စ်ရှိ ကောပါးသိပ္ပံကျောင်းမှ စတီဗင်ဘလဲယားတို့က ရေးသားဖော်ပြခဲ့သည်။

### ရေးသားဖော်ပြ

အဆိုပါ လေ့လာချက်များကို ယခုရက်သတ္တပတ်က ထုတ်ဝေသည့် အမေရိကန် ဆေးဘက်ဆိုင်ရာအသင်း၏ မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား




## အံ့ဖွယ်ကိုယ်ခံစွမ်းအား ပြသ

**အံ့ဖွယ် ကိုယ်ခံစွမ်းအား ကောင်းမွန်မှုကို ပြသနေသူတစ်ဦးအား တွေ့ရစဉ်။** (ယာပုံ)

ဂရိနိုင်ငံ အေသင်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် ကိုယ်ခံစွမ်းအား ပြသပွဲပြုလုပ်ရာ လူလေးဦးက လှံချွန်များဖြင့် ဝိုင်းထောက်နေမှုကို ကြံ့ကြံ့ခံကာ လူငယ်တစ်ဦးက ကိုယ်ခံစွမ်းအား ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# အပေါင်းအဖော်နှင့်နေသူများထက် တစ်ကိုယ်တည်းနေသူများ နှလုံးရောဂါပိုဖြစ်နိုင်

လန်ဒန် ဇူလိုင် ၁၅

**တစ်ကိုယ်တည်းနေသောသူများသည် အပေါင်းအဖော်နှင့်နေသူများထက် နှလုံးရောဂါဖြစ်ပွားရန် အလားအလာနှစ်ဆရှိကြောင်း ဇူလိုင် ၁၃ရက်ထုတ် သုတေသနပြုချက်တစ်စောင်တွင် ဖော်ပြထားသည်။**

ဒိန်းမတ်နိုင်ငံ အာဟပ်မြို့တွင် အသက် ၃၀ နှင့် ၆၉ နှစ်ကြားအရွယ်ရှိသူ ၁၃၈၀၀၀ ကို လေ့လာစမ်းစစ်ပြီးနောက် အသက်ကြီးသူများတွင် နှလုံးရောဂါဖြစ်ပွားရန် အမြင့်ဆုံး အခြေအနေတွင်ရှိသည်ကို တွေ့ရှိရကြောင်း ဆရာဝန်များက ပြောကြားသည်။

### ဖြစ်ပွားရခြင်း

ယင်းသို့ ဖြစ်ပွားရခြင်းသည် တစ်ကိုယ်တည်းနေထိုင်ပြီး ဆေးလိပ်သောက်ခြင်း၊ အဝလွန်ရောဂါရှိခြင်း၊ ခန္ဓာကိုယ်တွင်း၌ ကိုလက်စထရောပါဝင်မှုများခြင်း၊ မိသားစုဆရာဝန်ဆီသို့မကြာခဏသွားလေ့မရှိခြင်း၊ မိသားစုမှ ဂရုစိုက်မှုနည်းပါးခြင်းတို့နှင့် ဆက်စပ်ပတ်သက်သည်ဟု အာဟပ်ဆစ်ဟပ်တက္ကသိုလ်ဆေးရုံမှ ကာစတန်နီလ်ဆင်က ပြောကြားသည်။

လေ့လာဆန်းစစ်သော အုပ်စုတွင် အသက် ၅၀ကျော် တစ်ကိုယ်တည်း နေသော ယောကျာ်း ၇ ဒသမ ၇ ရာခိုင်နှုန်းပါဝင်ပြီး အသက် ၆၀ ကျော်တစ်ကိုယ်တည်းနေသော အမျိုးသမီး၅ဒသမ၄ရာခိုင်နှုန်း ပါဝင်သည်။

၂၀၀၀ နှင့် ၂၀၀၂ ခုနှစ် ကြားကာလ၌ နှလုံးရောဂါဖြင့် သေဆုံးသူများထဲတွင် အမျိုးသမီးအရေအတွက်သည် သုံးပုံတစ်ပုံရှိပြီး ယောကျာ်းအရေအတွက်သည် သုံးပုံနှစ်ပုံရှိကာ အနိမ့်ဆုံးအဆင့်သည် အပေါင်းအဖော်နှင့်နေထိုင်သူများတွင် တွေ့ရသည်ဟု ဆန်းစစ်ချက်တွင် ဖော်ပြထားသည်။

**အမ်အင်အေ၊ရိုက်တာ**




## နှစ်ပေါင်း ၃၀၀၀ခန့်က ကြေးဘွိုင်လာအိုး

**လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ခန့်က ပြုလုပ်ခဲ့သည့် ကြေးဘွိုင်လာအိုးတစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

အဆိုပါ ဘွိုင်လာအိုးမှာ တရုတ်နိုင်ငံ အလယ်ပိုင်း ဟေနန်ပြည်နယ် အင်ယန်ရှေးဟောင်းမြို့တွင် ရှာဖွေတွေ့ရှိရခြင်းဖြစ်သည်။ ၎င်းဘွိုင်လာအိုးမှာ ရှေးခေတ်ကြေးထည်များဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး လစ်ယူယေးနီးယား နိုင်ငံ မြို့တော် ဗီလ်နီးရပ်မြို့တွင် ကျင်းပသည့် ယူနက်စကို၏ အကြိမ်(၃၀)မြောက် အစည်းအဝေးတွင် ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်း၌ ထည့်သွင်းခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# ပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၅**

ပို့ဆောင်ရေး ဝန်ကြီးဌာန ပထမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၄ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေး ဝန်ကြီးဌာန စုံညီခန်းမဦကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ တက်ရောက်ကြသည်။

**သီလခံယူ**

ရွှေဦးစွာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်းမှုအစုစု**

ယင်းနောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆက်ကပ်**

အခမ်းအနားအပြီးတွင်ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဇူလိုင် ၁၅ ရက်၌ မိုးရွာသွန်းလေသမျှ

| | | |
|---|---|---|
| ထားဝယ် | ၃ ဒသမ | ၅၄ လက်မ |
| မြိတ် | ၂ ဒသမ | ၉၁ လက်မ |
| သံတွဲ | ၂ ဒသမ | ၄၄ လက်မ |
| ကျောက်ဖြူ | ၂ ဒသမ | ၀၈ လက်မ |
| ကော့သောင်း | ၂ ဒသမ | ၀၅ လက်မ |
| စစ်တွေ | ၂ ဒသမ | ၀၀ လက်မ |
| မော်လမြိုင် | ၁ ဒသမ | ၉၇ လက်မ |
| သထုံ | ၁ ဒသမ | ၃၈ လက်မ |
| ဖျာပုံ | ၁ ဒသမ | ၃၄ လက်မ |
| မချမ်းဘော | ၁ ဒသမ | ၂၂ လက်မ |
| ကိုကိုးကျွန်း | ၁ ဒသမ | ၁၈ လက်မ |

# ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့မြေဝယ်ယူရန်အတွက် ဦးဝမ်အားရည်စူး၍ ကိုနန်းညီအစ်ကိုများနှင့် ဒေါ်ကျင်ထားမိသားစု၊မြေး မောင်ပြည့်စုံ အမှတ် ၃၃ ၂၅လမ်း လသာမြို့နယ်မှ အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ကြင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် တောင်ဥက္ကလာပမြို့နေ ဦးမြသန်း-ဒေါ်ကြောင်တီအားရည်စူး၍ သားသမီးမြေးတစ်စုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

## ဆေးလိပ်ဖြတ်ခြင်း၏ အကျိုးကျေးဇူး ဆေးလိပ်ဖြတ်သူများသာလျှင် ခံစားရမည်

ဆေးလိပ်သောက်ခြင်းကြောင့် အမျိုးသားများ သေဆုံးရမှုနှုန်းသည် ဆင်းရဲသူများနှင့် ချမ်းသာသူများအကြား ကွာဟချက် ထက်ဝက်ကျော်မျှ ဖြစ်လာကြောင်း နိုင်ငံတကာ သုတေသီများက ပြောကြားသည်။

**နှစ်ဆတိုးလာ**

အင်္ဂလန်၊ ဝေလ၊ အမေရိကန်၊ ကနေဒါနှင့် ပိုလန်ရှိ လူမှုအဆင့်အတန်း နိမ့်ကျသော အမျိုးသားများသည် ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးရခြင်းမှ နှစ်ဆတိုးလာသည်ဟု အဆိုပါ သုတေသီပညာရှင်များက ပြောကြားသည်။

**ဆက်နွယ်နေ**

ထိုနိုင်ငံများရှိ အမျိုးသားများ သေဆုံးနေရခြင်းသည် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပွားရသော ရောဂါဘယများနှင့် ဆက်နွယ်နေသည်ဟု ဆိုသည်။

ဆေးလိပ်သောက်သုံးမှုဖြတ်ခြင်းဖြင့် ထိုသို့ သေဆုံးနေခြင်းကို ဟန့်တားပေးနိုင်လိမ့်မည်သာဖြစ်ကြောင်း အော့စဖို့စ်တက္ကသိုလ်မှ ပါမောက္ခ ရစ်ချက်ပီတိုက ပြောကြားသည်။

အသက် ၃၅နှစ်မှ ၆၉နှစ်အရွယ်ရှိ အမျိုးသားအများစုသည် ဆေးလိပ် သောက်သုံးခြင်းကြောင့် သေဆုံးမှုများပြားလာသည်ဟူ၍လည်း ၎င်းက ဆက်လက်ပြောကြားသည်။

**အခွင့်အလမ်း**

နိုင်ငံတစ်ဝန်း ဆေးလိပ်ဖြတ်ရေး စီမံချက်များ ဆက်လက်ဆောင်ရွက်သွားရန်လည်း တိုက်တွန်းကြောင်း၊ ဆေးလိပ်ဖြတ်ခြင်းဖြင့် ဆေးလိပ်ဖြတ်သူများကို အကောင်းဆုံး အခွင့်အလမ်း တစ်ရပ်ပေးချင်ကြောင်းလည်း ၎င်းက ဆိုသည်။

(ကိုးကား-အင်တာနက်)





## ပနားမားတူးမြောင်း ပေ ၁၅၀အထိ တိုးချဲ့မည် ကုန်သေတ္တာအလုံးတစ်သောင်း တင်နိုင်သောသင်္ဘောများ ဖြတ်သန်းနိုင်မည်

ပနားမားကွန်ဂရက်က ပနားမားတူးမြောင်းကို ဒေါ်လာ ငါးဘီလီယံ အကုန်အကျခံ၍ တူးမြောင်းတိုးချဲ့ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

ယင်းတူးမြောင်းကြီးသည် ၁၉၁၄ခုနှစ်ကဖွင့်လှစ်ခဲ့ပြီး အကျယ်ဆုံးတူးမြောင်းအဖြစ် ချဲ့ထွင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတူးမြောင်းကြီးကို ချဲ့လိုက်သဖြင့် သင်္ဘောများသည် အလွယ်တကူ ဝင်ထွက်သွားလာနိုင်ကြမည်ဖြစ်ပြီး တန်းစီ၍ နာရီပိုင်းသာ စောင့်ရတော့မည်ဆိုသည်။

**ဝေဖန်နေ**

ယင်းတူးမြောင်းတိုးချဲ့ရေးစီမံကိန်းကို ယခုနှစ်ကုန်ပိုင်း၌ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယခုတိုးချဲ့မည့်စီမံကိန်းသည် သင်္ဘောများဝင်ထွက်သွားလာနိုင်မှုကို လုံလောက်အောင် ဖြည့်စွမ်းမပေးနိုင်သေးကြောင်း ဝေဖန်ပြောဆိုလျက်ရှိသည်။

ပနားမားတူးမြောင်းသည် မိုင် ၅၀ရှည်လျားပြီး ၁၉၉၉ခုနှစ်ကတည်းက အမေရိကန်က ထိန်းချုပ်ထားသည်။ ယင်းတူးမြောင်းသည် ကမ္ဘာ့ကုန်သွယ်ရေး ငါးရာခိုင်နှုန်းကို ကိုင်တွယ်ဖြေရှင်းပေးလျက်ရှိသည်။

**ကုန်သေတ္တာ**

လက်ရှိအနေအထားအရ ယင်းတူးမြောင်းမှ ကုန်သေတ္တာ ၄၀၀၀ တင်ဆောင်နိုင်သည့် သင်္ဘောကြီးများ ဝင်ထွက်သွားလာလျက်ရှိပြီး တူးမြောင်းချဲ့ပြီးပါက ကုန်သေတ္တာအလုံး ၁၀၀၀၀တင်ဆောင်နိုင်သည့် သင်္ဘောကြီးများ ဝင်ထွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အဓိကအသုံးပြု**

ယင်းတူးမြောင်းသည် အကျယ် ၁၀၈ပေရှိသည်။ ၎င်းကို ရေအနက်ထပ်မံတူးကာ ပေ ၁၅၀အထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းတူးမြောင်းကို အဓိကအားဖြင့် အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် ချီလီနိုင်ငံတို့က အသုံးပြုလျက်ရှိသည်။ ။ **(ကိုးကား-အင်တာနက်)**

# မုတ်သုံလေ အားကောင်းနေမည်

ရန်ကုန် ဇူလိုင် ၁၅

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ကာ တနင်္သာရီတိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင်၁၆ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျားမိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်ဟု သက်ဆိုင်ရာမှ သတင်းရရှိသည်။

(မြန်မာ့အလင်း)

# မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသားများ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ထားရှိ ဝန်ထမ်းများအဂတိတရားကင်းပြီး အားကြိုးမာန်တက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

**ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၇ရက်တွင် ကျိုင်းတုံမြို့ရှိ တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးနှင့်ပတ်သက်၍ အစီအမံများ ချမှတ်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးကြသည်။**

## ကြည့်ရှုလေ့လာ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဒုတိယဝန်ကြီးနှင့်အတူ ဇူလိုင်၈ရက်တွင် မိုင်းလားမြို့သို့ ရောက်ရှိကြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်ကျောင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဘိန်းပပျောက်ရေး အထိမ်းအမှတ်ပြတိုက်နှင့် မူးယစ်ဆေးဝါး အစားထိုးသီးနှံစိုက်ခင်းများဖြစ်သော ရော်ဘာ၊ သရက်၊ နှင်းသီးစိုက်ခင်းများနှင့် ရော်ဘာစက်ရုံတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

## ရှင်းလင်းပြောကြား

ဒုတိယဝန်ကြီးသည် ဇူလိုင်၉ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်အတူ မိုင်းဆတ်မြို့သို့ ရောက်ရှိပြီး မိုင်းဆတ်တပ်နယ်မှ ဗိုလ်မှူးချုပ် တင်ယုနှင့်အတူ မိုင်းဆတ်မြို့ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိရေးတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိတရား ကင်းရှင်းပြီး ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်ရေးတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

## လာဘ်ပေး လာဘ်ယူ

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၀ ရက်တွင် ဒုတိယတိုင်းမှူး၊ မိုင်းဆတ်တပ်နယ်မှ ဗိုလ်မှူးချုပ်တင်ယုတို့နှင့်အတူ မိုင်းတုံမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်များ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ဒေသခံတိုင်းရင်းသားများ မှန်ကန်သော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိရေး၊ ဝန်ထမ်းများ လာဘ်ပေး လာဘ်ယူ ကင်းရှင်းရေးတို့နှင့်ပတ်သက်၍ ထပ်မံရှင်းလင်းပြောကြားသည်။

## လှည့်လည်ကြည့်ရှု

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၁ ရက်တွင် တာချီလိတ် တပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဟန်နှင့်အတူ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာနကြီးလေးခုမှ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်ရေး၊ ဒုစရိုက်မှုများနှင့် ပါဝင်ပတ်သက်မှု မရှိရေး၊ ပြည်သူအပေါ် ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပါဝင်ပူးပေါင်း ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး တာလေမြို့ရှိ စုပေါင်းရုံးများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၂ရက်တွင် ကျိုင်းတုံမြို့နယ် ပန်ကွဲကျေးရွာ သို့သွားရောက်၍ မျိုးကောင်းမျိုးသန့် လက်ဖက်စိုက်ပျိုးရန်အတွက် ပြုပြင်နေဆဲ မြေနေရာကို လေ့လာကြည့်ရှုပြီး ပြည်နယ် ရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနတို့က ဈေးကွက်ရှိသော လက်ဖက်ပင်ကို စံပြစိုက်ပျိုးထုတ်လုပ်နိုင်ရေး မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အမှတ်၈၀၉ ငွေစင်၃လမ်း (၄၄)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးထွန်းသန်းစိန်–ဒေါ်အက္ကနက်ကိုင်ဖ မိသားစုက သမီး မနန်းမေသက်ထွန်းအားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။

(က–ပ)

## လောဘရမ္မက်ခွာရခက် တရားဟောမည်

**ရန်ကုန် ဇူလိုင် ၁၅**

၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက် (၂၀၀၆ခုနှစ် ဇူလိုင်၁၇ရက်) တနင်္လာနေ့ မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသက "လောဘရမ္မက် ခွာရခက်"တရားတော်ကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၀၆ခုနှစ် ဇူလိုင်လ ၁၆ရက် ( တနင်္ဂနွေနေ့ )**

**ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့**

**အခြေခံပညာ ကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။**

**ပညာရေးဝန်ကြီးဌာန။**

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တည်ဆောက်ရေး ညွှန်ကြားရေးမှူးများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ စက်ရုံမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ကဏ္ဍအရေးကြီး တည်ဆောက်ဆဲစီမံကိန်းများ အမြန်ပြီးစီးအောင် အားသွန်ခွန်စိုက်ကြိုးပမ်း လက်ရှိဓာတ်အားပေးစက်ရုံများ စွမ်းအားပြည့်မောင်းနှင်နိုင်ရေး ဂရုစိုက်ကိုင်တွယ်

နေပြည်တော် ဇူလိုင် ၁၅

**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တည်ဆောက်ရေး ညွှန်ကြားရေးမှူးများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ စက်ရုံမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၄ရက်တွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

## တက်ရောက်

အဆိုပါအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## အားသွန်ခွန်စိုက်ကြိုးပမ်း

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားရာတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ကဏ္ဍသည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ တည်ဆောက်ဆဲစီမံကိန်းများ အမြန်ပြီးစီးအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အချိန်ရှိသရွေ့ လုပ်ငန်းအောင်မြင်ရေးအတွက် တီထွင်ကြံဆ ကြိုးစားစေလိုကြောင်း၊ လက်ရှိဓာတ်အားထုတ်လုပ်ပေးလျက်ရှိသော ဓာတ်အားပေးစက်ရုံများကလည်း စက်စွမ်းအားပြည့်မောင်းနှင်၍ ဓာတ်အားအပြည့်အဝ ထုတ်လုပ်ပေးနိုင်ရေးအတွက် ဂရုတစိုက် ကိုင်တွယ်မောင်းကြရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် လျှပ်စစ်စက်ရုံများ၏ တာဝန်ရှိသူများအနေဖြင့် မျိုးဆက်သစ်အင်ဂျင်နီယာဝန်ထမ်းငယ်များကို လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရန်အတွက် လေ့ကျင့်သင်ကြားပေးကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာရန် စသည်တို့ကို မှာကြားသည်။

## ဖြည့်စွက်ရှင်းလင်း

ထို့နောက် တက်ရောက်လာသော စီမံကိန်းညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်၊ ယာဉ်ယန္တရားနှင့် ပစ္စည်းရရှိမှု၊ ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စသည်တို့ကို ဆလိုက်များဖြင့် ရှင်းလင်းတင်ပြရာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာနှင့် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လိုအပ်သည်များကို ထပ်မံဖြည့်စွက်တင်ပြသည်။

## ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာ၌ စံချိန်စံညွှန်းမီစွာဖြင့် အချိန်မီပြီးစီးရန်၊ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေကြေးသုံးစွဲမှု၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုများကို ဂရုစိုက်ကြရန်၊ ဌာနအချင်းချင်း တစည်းတလုံးတည်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ကာကွယ်ရေးဝန်ကြီးဌာနမှ ရုံးအလိုက်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အရာရှိ စစ်သည်များ၏ သစ်ပင်စိုက်ပျိုးနေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုအားပေး

● *ကျောဖုံးမှ*

**ပိတောက်ပင်စိုက်ပျိုး**

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည်အင်ကြင်း၊ ခရေနှင့် ကံ့ကော်ပင်တို့ကို ဆက်လက်စိုက်ပျိုးပေးသည်။

**စိုက်ပျိုးပေး**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပိတောက်၊ အင်ကြင်း၊ ခရေနှင့် ကံ့ကော်ပင်များ စိုက်ပျိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပိတောက်၊ အင်ကြင်း၊ ခရေနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးသည်။



**အင်ကြင်းပင်စိုက်ပျိုး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပိတောက်၊ အင်ကြင်း၊ ခရေနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများသည် ကံ့ကော်ပင်များနှင့် ခရေပင်များကို စိုက်ပျိုးပေးကြသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကာကွယ်ရေးဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

**ကြည့်ရှုအားပေး**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ရုံးအလိုက် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်အဖြစ် အရာရှိ စစ်သည်များ၏ သစ်ပင်စိုက်ပျိုးနေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် အရာရှိ စစ်သည် ၂၆၁၉ ဦးက ပိတောက်၊ ခရေ၊ ကံ့ကော်၊ အင်ကြင်း၊ ငုရွှေဝါ၊ စိန်ပန်းကြီး၊ ကျွန်း၊ စွယ်တော်၊ တရုတ်တည်၊ ဂျပန်ကုက္ကို၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပျဉ်းမ၊ ရိုးရိုးမဲဇလီ စသည့် သစ်ပင်ပေါင်း ၂၇၉၄၈ပင်ကို စုပေါင်း စိုက်ပျိုးပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ဝန်ကြီးဌာနအသီးသီး၌ ဝန်ထမ်းများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ကြိုဆို**

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ နေပြည်တော် မြို့တော်ခန်းမအဆောက်အအုံရှေ့၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက် အားပေးချီးမြှင့်ကြရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။



**အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)



**ခရေပင်စိုက်ပျိုး**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကာကွယ်ရေးဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

**နံ့သာရည်များပက်ဖျန်း**

ယင်းနောက် သစ်ပင်စိုက်ပွဲတော်ကို ကျင်းပရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှေးဦးစွာ အင်ကြင်းပင်ကို စိုက်ပျိုးပေးပြီး မြေဩဇာထည့်၍ ရေလောင်းပေးသည်။ အင်ကြင်းပင်ကို နံ့သာရည်များလည်း ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပိတောက်ပင်၊ ခရေပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။

**စိုက်ပျိုးပေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အင်ကြင်းပင်၊ ပိတောက်ပင်၊ ခရေပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)



## ကံ့ကော်ပင်စိုက်ပျိုး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကာကွယ်ရေးဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

### တပျော်တပါးစိုက်ပျိုး

ထို့နောက် ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များသည် မြို့တော်ခန်းမ အဆောက်အအုံ အဝင်လမ်း လမ်းဘေးဝဲ/ယာရှိ သတ်မှတ်နေရာ အသီးသီးတို့၌ သစ်ပင်ပေါင်း ၈၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြပြီး သစ်ပင်စိုက်ပွဲတော်ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ အဆောက်အအုံ တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းခန်းမ၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မြို့တော်ခန်းမအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကာကွယ်ရေးဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

### ကောင်းမွန်ခိုင်ခံ့စွာ တည်ဆောက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းများကို လက်ရာလက်သား သေသပ် ကောင်းမွန် ခိုင်ခံ့စွာ တည်ဆောက်သွားရန်၊ မြို့တော်ခန်းမအဆောက်အအုံ ဧရိယာအတွင်း ထည့်သွင်းတည်ဆောက်သွားမည့် ပန်းခြံကိုလည်း ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံပန်းများဖြင့် လှပဝေဆာသည့် ပန်းခြံကြီးဖြစ်အောင် တည်ဆောက်သွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ အဆောက်အအုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော် မြို့မဈေး တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဟိုတယ်ဇုန်၌ ဟိုတယ်စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)



# ဝက်လက်မြို့နယ် ဟံလင်း စံပြကျေးရွာဖွင့်ပွဲနှင့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကျင်းပ ကျေးရွာအတွင်း အိမ်ခြေ ၇၈၀ ကျော် လျှပ်စစ်မီးပေးနိုင်ပြီ

နေပြည်တော် ဇူလိုင် ၁၅

**စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟံလင်းစံပြကျေးရွာဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉နာရီက ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

## ကြည့်ရှုအားပေး

ရှေးဦးစွာ ကျေးလက်ဖွံ့ဖြိုးရေးခန်းမအား ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းအသင်းအမှုဆောင် ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင်က ကျေးလက်ဖွံ့ဖြိုးရေးစခန်း ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲကို ကျင်းပရာ တိုင်းကျန်းမာရေးဦးစီးမှူးနှင့် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် ဧည့်သည်တော်များသည် ရွှေဘိုခရိုင် ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ကျေးရွာအတွင်းရှိ ကြက်ဥကျက်သဘာဝရေပူကန်ကို ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ ကျေးလက်အော်တိုတယ်လီဖုန်း ဖွင့်ပွဲသို့ တက်ရောက်ကြရာ တိုင်းဆက်သွယ်ရေးမန်နေဂျာနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် ကျေးလက်အော်တိုတယ်လီဖုန်းရုံးနှင့် ကျေးလက်စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။ ဟံလင်းကျေးရွာတွင် ကျေးလက်အော်တိုတယ်လီဖုန်းလိုင်း ဖွင့်လှစ်ထားရှိပြီးဖြစ်သဖြင့် ပြည်တွင်းပြည်ပသို့ လွယ်လင့်တကူဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်သည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးကြရာ တိုင်းလျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်တိုင်းအသင်း အမှုဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက မီးခလုတ်ကိုနှိပ်၍ ဓာတ်အားလိုင်းဖွင့်လှစ်ပေးကာ မီးစက်အား ကြည့်ရှုစစ်ဆေးကြသည်။ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို အသင်းမှ ခေတ္တမတည်ငွေကျပ်သိန်း၅၀၊ ဒေသခံများ၏ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၈၀ဖြင့် တည်ဆောက်နိုင်ခဲ့၍ လျှပ်စစ်ဓာတ်အား ကီလိုဝပ်၅၀ ထွက်ရှိပြီး ကျေးရွာအတွင်း အိမ်ခြေ၇၈၀ကျော်အား ညစဉ်၆နာရီမှ ၁၀နာရီအထိ လျှပ်စစ်မီးပေးနိုင်ပြီ ဖြစ်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် ဧည့်သည်တော်များသည် ဒေသခံပြည်သူများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀ကို စုပေါင်းစိုက်ပျိုးပေးခဲ့ကြပြီး ဟံလင်းမြို့ဟောင်း၏ အမှတ်(၂)ကုန်းနေရာအား ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်ထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မိသားစု ဝင်ငွေတိုးလုပ်ငန်းများဖြစ်သည့် စက်ချုပ်လုပ်ငန်း၊ ဂျုံရိုးဦးထုပ်လုပ်ငန်းနှင့် အိုင်အိုဒင်းဆားဖြန့်ဖြူးရေးလုပ်ငန်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဟံလင်းကျေးရွာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြရာ တိုင်းပညာရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ကျောင်းဆောင်သစ်မှာ အလျား ၇၂ပေ၊ အနံ၂၃ပေရှိ တစ်ထပ်အုပ်ညှပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး တိုင်းမှူးက ဘိလပ်မြေအိတ်၅၀၊ တိုင်းဆောက်လုပ်ရေးက ဘိလပ်မြေအိတ်၂၀လှူဒါန်းမှုနှင့် အလှူရှင်များ၊ ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေကျပ်၂၉သိန်းဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

## စက်ခလုတ်နှိပ်ဖွင့်

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ဟံလင်းကျေးရွာရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ဟံလင်းကျေးရွာအလယ်တန်းကျောင်းခွဲ၏ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲကို တက်ရောက်ကြရာ တိုင်းပညာရေးမှူး၊ အလှူရှင်ဦးတင်ညွှန့်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်နှင့် သင်ထောက်ကူစာသင်ခန်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ကျောင်းဆောင်သစ်မှာ အလျား၄၀ပေ၊ အနံ၂၇ပေရှိပြီး အလှူရှင် ဦးတင်ညွှန့်မိသားစုတို့က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် အလယ်တန်းကျောင်းခွဲတွင် ဒေသခံပြည်သူများအားတွေ့ဆုံရာ ဒေသခံပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြခဲ့ကြပြီး တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ တိုင်းမှူးက ၂၁လက်မရောင်စုံရုပ်မြင်သံကြား ပြစက်တစ်လုံး၊ ဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် စာအုပ်မျိုးစုံကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်က ၂၁လက်မရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဗလာစာအုပ်၊ ခဲတံများ၊ အားကစားပစ္စည်းများ၊ မဂ္ဂဇင်း၊ ဂျာနယ်များကိုလည်းကောင်း ပေးလှူခဲ့ကြသည်။

## အားကစားပစ္စည်းများလှူဒါန်း

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် စစ်ကိုင်းတိုင်းမြို့နယ်အတွင်းရှိ တင်းတိပ်ကျေးရွာ အမက၊ ငွေပဒေသာအမက၊ ရွာထောင်ရပ်ကွက် အလယ်တန်းကျောင်းခွဲနှင့် ဇေယျာရပ်ကွက် အမှတ်(၉)မူလတန်းလွန်ကျောင်းများသို့ သွားရောက်ကာ စာသင်ခုံလှူဒါန်းပွဲများသို့ တက်ရောက်၍ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး စာသင်ခုံများ၊ ဗလာစာအုပ်၊ ခဲတံများ၊ အားကစားပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)သို့ မော်လမြိုင်မြို့နေ အစ်ကိုကြီး ဦးထွန်းကြည် မော်လမြိုင်(ခရိုင်ရဲဝန်၊ငြိမ်း) အားရည်စူး၍ ဦးပေါ်ပေါဟိန်၊ ဒေါ်သန်းမြင့် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ဒါနပါရမီ သွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ စနေမောင်မယ် သွေးလှူဒါန်းပွဲကို မဟာမုနိဓမ္မာရုံကြီး၌ ဇူလိုင် ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသက် ၁၈နှစ် ပြည့်ပြီးသူမည်သူမဆို ကြွရောက် လှူဒါန်းနိုင်ကြောင်းနှင့် သွေးလှူဒါန်းရှင်များအား အာဟာရ ဒါနပြုလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၅၆၆၆၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၀၀)**

# အားကစားဝန်ကြီးဌာန ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

**အားကစားဝန်ကြီးဌာန၏ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ပွဲနှင့် ပထမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၅နာရီခွဲက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီးဒေါ်အေးအေးတို့တက်ရောက် ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။**

## တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဥယျာဉ်စုကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသအမှူးပြုသော ဆရာတော်သံဃာတော် ကိုးပါး ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ကြပြီး ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

## သီလခံယူဆောက်တည်

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဥယျာဉ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အားကစားဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ရေစက်သွန်းချ

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဥယျာဉ်စုကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်လှူဒါန်းပွဲတွင် တိုင်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးချိုထွန်း ပညာသင်ထောက်ပံ့ကြေးပေးအပ်စဉ်။** (သတင်းစဉ်)

# မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ ဒသမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၏ မဟာကမ္မဋ္ဌာန်းဆောင်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်ကြီးများအား မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဂေါပကအလုပ် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ မဟာသဒ္ဓမ္မဇောတိကဓဇ သရေစည်သူ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီနှင့် ပရိသတ်တို့က စုပေါင်း၍ ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်း အမှတ်စဉ်(၁၄/၂၀၀၆) ဆင်းပွဲကို ယနေ့မွန်းတည့်၁၂နာရီတွင် ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံး စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန်က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့ပြီး သင်တန်းသား ရဲအရာရှိ၄၀တို့ တက်ရောက်ခဲ့ကြသည်။ သင်တန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ကမ္ဘာလှည့် ခရီးသည်များအား လုံခြုံစိတ်ချမှုနှင့် စိတ်အေးချမ်းမြေ့စွာ သွားလာလည်ပတ် နိုင်ကြစေရန် အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကူညီဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဒီမိုကရေစီစနစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်လျက်ရှိ အမျိုးသားညီလာခံတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော် အောင်မြင်မှုများကိုမလိုလားသည့်အဖျက်သမားများ မြေပေါ်မြေအောက်တိုက်ကွက်များဖြင့် တိုက်ခိုက်နေ အစိုးရ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်သူများပူးပေါင်းဟန့်တားကာကွယ်

ရန်ကုန် ဇူလိုင် ၁၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင်၁၀ ရက် နံနက်စနာရီတွင် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးအတွက် အသေးစိတ်မှာကြားသည်။**

## ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ယင်းမာပင်မြို့နယ် ပြန်လှည့်ကျေးရွာရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်လှည့်၊ ရွာသာယာ၊ ပသီးကုန်းနှင့် မြို့သစ် ကျေးရွာတို့မှ ဒေသခံပြည်သူလူထု ၂၀၀၇ ဦးတက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ကျေးလက်ဒေသများကို ကွင်းဆင်းလာရောက်ခြင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ချမှတ်ထားသော မူများနှင့် အညီ ကျေးလက်ပြည်သူများ၏ အခြေအနေကို အသေးစိတ်သိရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ သန့်ရှင်းမှုနှင့်ညီညွတ်သော သောက်သုံးရေရရှိအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေအလုံအလောက်ရရှိအောင် ဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းများ ကောင်းအောင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ အဓိက ပါဝင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

## ပံ့ပိုးပါဝင်

ယခုအခါ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အပြင် ကျေးလက်ဒေသများမီးလင်းစေရေးနှင့်ကျေးလက်ဒေသတိုင်း၌ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေးတို့ကိုပါ ဖြစ်မြောက်အောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက စည်းရုံးပံ့ပိုးပါဝင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျေးရွာများ၌ တွေ့ရသည့် ကျောင်းသားလူငယ်များသည် ၃၈ဖြာ မင်္ဂလာကို အလွတ်ရွတ်ဆိုနိုင်သည်ကို တွေ့ရသဖြင့် ဝမ်းသာကျေနပ်မိ




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာအခြေခံပညာကျောင်းများအတွက် စာသင်ခုံများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ကြောင်း၊ ကလေးများ၏ရှေ့ရေးတွင် လိမ္မာယဉ်ကျေးမှုအတွက် စိတ်ချရပြီဖြစ်ကြောင်း။

ယနေ့လူငယ်များသည်နောင်အခါတွင် တိုင်းပြည်၏အင်အားများဖြစ်အောင် ဆရာ ဆရာမများနှင့် မိဘများပူးပေါင်း၍ ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ ကျေးလက်ပြည်သူများ စီးပွားရေးအဆင့်အတန်းနှင့် လူမှုရေးအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကို အခြေခံထားပြီး တိုင်းပြည်၏ခနအင်အားတိုးပွားလာအောင် ဆောင်ရွက်နေသော ကျေးလက်ပြည်သူများ၏ ဘဝ မြင့်မားတိုးတက်လာအောင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## နားလည်သဘောပေါက်

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ပြည်သူများဘဝမြင့်မားအောင် စိုက်ပျိုးရေးတိုးတက်ဖွံ့ဖြိုးအောင်၊ စီးပွားရေးတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ပေးနေသည့်စေတနာကို နားလည်သဘောပေါက်စေလိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယင်းမာပင်မြို့နယ်အတွင်းရှိ ကျေးရွာအခြေခံပညာကျောင်းများအတွက် တန်ဖိုးငွေကျပ် ၃၀၄၀၀၀ရှိ စာသင်ခုံ ၃၈ခုံကိုလည်းကောင်း၊ အဝတ်အထည်နှင့် စောင်များကိုလည်းကောင်း၊ ကျောင်းသုံးစာအုပ်နှင့် ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံနှင့် ဘောလ်ပင်များကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံကိုလည်းကောင်း၊ ရုပ်ရှင်ဗီဒီယိုကားနှင့် တေးသီချင်းဗွီစီဒီအခွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယင်းမာပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် တိုင်းအဆင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ဝလဆည်အနီး၌ကျင်းပသည့် ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့သည် မုံရွာခရိုင် ယင်းမာပင်မြို့နယ် မောက်သရက်ကျေးရွာရှိ ဝလချောင်းရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ယနေ့သည် ယင်းမာပင်မြို့နယ်အတွင်း ဝလချောင်းကိုပိတ်ပြီး ဧက ၁၀၀ စိုက်ပျိုးရေရရှိရေး၊ ဒေသနေပြည်သူများအတွက် သောက်သုံးရေဖူလုံစွာ ရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး ရည်ရွယ်ချက်များဖြင့် ဝလချောင်း ရေလှောင်တမံကို တည်ဆောက် ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း၊ ဝလချောင်း ရေလှောင်တမံက ဤဒေသ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အားထား အသုံးပြုနိုင်တော့မည့်အပြင် ဒေသနေ ပြည်သူများအတွက် သောက်သုံးရေဖူလုံစေရေးအတွက်ပါ အထောက်အကူပြုလာတော့မည်ဖြစ်ကြောင်း၊ ဤနယ်မြေဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ပြီး စီးပွားရေး၊ လူမှုရေး အဆင့်အတန်းများ ထပ်ဆင့်တိုးတက် မြင့်မားလာတော့မည်ဖြစ်သည့်အတွက် ဒေသခံ ပြည်သူများနှင့် ထပ်တူ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း။

## စီမံဖော်ဆောင်

မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်း သာယာပြီး

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

**ဝလချောင်းရေလှောင်တမံကို တွေ့ရစဉ်။** (သတင်းစဉ်)



**စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

ဒါနကုသိုလ်အမှု ပြုခဲ့ကြသော စေတနာရှင်ပြည်သူများသည် စတင်လှူဒါန်းခဲ့သည့် ၁၉၉၆ခုနှစ်မှ၂၀၀၅ခုနှစ်အထိ ၁၀နှစ်တိုင် မပျက်မကွက် ပါဝင် လှူဒါန်းခဲ့ကြပါသည်။ အလှူရှင်များဖြစ်ကြသော သမ္မတသက်န်းတိုက်ပိုင်ရှင် ဦးသန်းနိုင်၊ ဒေါ်ကြည်ကြည်ဆွေ၊ မြန်မာပြည်သားဟော့ကေအင်န်ကုမ္ပဏီမှ ဦးတင်ဝင်း၊ ဒေါ်စန်းဝင်း၊ ဝင်းရတနာခရီးသည်ပို့ဆောင်ရေး မှ ဦးတင်အောင်-ဒေါ်လှလှနွယ်၊ မြင့်အောင်မြတ်ကုမ္ပဏီလီမိတက်မှ ဦးအောင်မွန်၊ ဒေါ်လှလှမော် စသည့် စေတနာရှင်ပုဂ္ဂိုလ်မိသားစုများသည် နှစ်စဉ်တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့်အတူ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများအပြင် ဆွမ်းပဒေသာပင်၊ ထာဝရငွေပဒေသာပင်များ စိုက်ထူလှူဒါန်းခဲ့ကြရာ ငွေကျပ်သိန်းပေါင်းရာဂဏန်းအထိ လှူဒါန်းခဲ့ကြပြီး၍ မိမိတို့လှူခဲ့ပြီးသော ကုသိုလ်အမှုအတွက် ပရစေတနာများ ထပ်ကာပွားလျက် ဤမျှအရေအတွက်များအောင် လှူဒါန်းနိုင်ခဲ့သည်ကိုပင် အံ့သြဝမ်းသာဖြစ်ရကြောင်း၊ နှစ်စဉ်ဝါဆိုကာလရောက်ခါနီးတွင် ယခင်နှစ်များနည်းတူ လှူဒါန်းနိုင်ရန် မိမိတို့၏ စီးပွားရေးလုပ်ငန်းများမှ ငွေများကို စုဆောင်းခဲ့ကြောင်း၊ အချို့နှစ်များတွင် အခက်အခဲအနည်းငယ်ရှိသော်လည်း အချိန်မီ အဆင်ပြေသွားခဲ့ကြောင်း၊ ကုသိုလ်ကောင်းမှုပြုရသည့် အကျိုးတရားကြောင့် ဤသို့ဖြစ်ရသည်ဟု ခံစားမိပါကြောင်း၊ လှူဒါန်းပွဲ ရှိသည့်ရက်များတွင် လုပ်ငန်းခွင်များမှ အချိန်ယူ၍ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်လှူဒါန်းဖြစ်အောင် အမြဲတစေကြိုးစားခဲ့ကြောင်း၊ နောင်နှစ်များတွင်လည်း အလားတူ ဆက်လက်လှူဒါန်းသွားရန် ရည်ရွယ်ထားကြောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်အတူ အလှူဒါန ပြုခွင့်ရခြင်းအတွက်လည်း ဝမ်းမြောက်မဆုံးဖြစ်ရကြောင်း ဆောင်းပါးရှင်အား ပြောပြကြပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သီလရှင်များ၊ လူမှုဝန်ထမ်းဘိုးဘွားများ၊ ဆွံ့အ မျက်မမြင်ကျောင်းများမှ ပုဂ္ဂိုလ်ကြီးငယ်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်၊ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲများကို ဂုဏ်ပြုကြိုဆိုရင်း စေတနာသုံးတန်ပြဋ္ဌာန်း၍ လှူဒါန်းကြသော အလှူပေးပုဂ္ဂိုလ်အလှူရှင်များ၊ အလှူခံပုဂ္ဂိုလ် သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များသာမက လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြစေရန်နှင့် သန္ဓေ၊ တောထွက်၊ မွေးစက်၊ ဟောမြွက်ချိန်ခါဖြစ်သည့် လဝါဆိုတွင် အလှူရေစက် လက်နှင့်မကွာ ဒါနကုသိုလ်အမှုဆက်လက်၍ ပြုနိုင်ကြပါစေကြောင်း ကောင်းမြတ်သောဆန္ဒမွန်ဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ။

***စာမျက်နှာ ၁၁ မှ***

ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝပြီး စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် ရောက်ရှိရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ လက်တွဲပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ကာလဖြစ်ကြောင်း၊ ယခုကဲ့သို့ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသား ပညာရည်မြင့်မားရေးတို့သည် အဓိကကျသည့် အချက်များဖြစ်ကြောင်း၊ ပြည်ထောင်စု တစ်ဝန်းလုံး၌ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားလာရေးတို့အတွက် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးရင်း ဒေသအလိုက် လိုအပ်ချက်များကို စီမံဖော်ဆောင်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ စီမံဆောင်ရွက်ပေးမှုများအနက် ဝလချောင်း ရေလှောင်တမံသည် ဤဒေသလူမှု စီးပွား ဖွံ့ဖြိုးမှုအတွက် တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်း၌ နိုင်ငံတော်အစိုးရအနေဖြင့် ၁၂၂၉ဧကေ ရေသောက်နိုင်မည့် နွယ်ခွေဆည်ကို ချောင်းဦးမြို့နယ်၌ ၁၉၉၁-၁၉၉၂ ခုနှစ်တွင်လည်းကောင်း၊ ၁၂၄၅ ဧက ရေသောက်နိုင်မည့် သာစည်ဆည်ကို မုံရွာမြို့နယ်၌ ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ ၁၈၀၄ ဧက ရေသောက်နိုင်မည့် ထန်းဇလုတ်ဆည်ကို မုံရွာမြို့နယ်၌ ၁၉၉၆ ခုနှစ်တွင်လည်းကောင်း၊ ဧက ၁၂၀၀၀ ရေသောက်နိုင်မည့် မြောက်ယမားဆည်ကို ပုလဲမြို့နယ်၌ ၁၉၉၅-၁၉၉၆ ခုနှစ် တွင်လည်းကောင်း၊ ဧက ၇၀၀၀ ရေသောက်နိုင်မည့် တောင်ယမားဆည်ကို မြိုင်မြို့နယ်၌ ၁၉၉၈-၁၉၉၉ ခုနှစ်တွင်လည်းကောင်း၊ ဧက ၃၀၀၀ ရေသောက်နိုင်မည့် ငွေသာဆည်ကို ဆားလင်းကြီးမြို့နယ်၌ ၂၀၀၂-၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ ဧက ၂၅၀၀ ရေသောက်နိုင်မည့် မြို့သစ်ဆည်ကို ဘုတလင်မြို့နယ်၌ ၂၀၀၃-၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ ဧက ၆၀၀ ရေသောက်နိုင်မည့် ဆားလင်းကြီးဆည်ကို ဆားလင်းကြီးမြို့နယ်၌ ၂၀၀၃-၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ ဧက ၁၅၀၀ ရေသောက်နိုင်မည့် ဖောင်းကတာဆည်ကိုဆားလင်းကြီးမြို့နယ်၌ ၂၀၀၄-၂၀၀၅ခုနှစ်တွင်လည်းကောင်း၊ ဧက ၇၅၀ ရေသောက်နိုင်မည့် အိုင်လျားဆည်ကို အရာတော် မြို့နယ်၌ ၂၀၀၄-၂၀၀၅ခုနှစ်တွင် လည်းကောင်း၊ ဧက ၁၀၀၀ရေသောက်နိုင်မည့် အရာတော်ဆည်ကို အရာတော်မြို့နယ်၌ ၂၀၀၄-၂၀၀၅ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ပေးခဲ့ကြောင်း၊ လက်ရှိလည်း လှိုင်းချောင်းဆည်နှင့် မြောက်ယမားရေကူဆည်တို့ကို ပုလဲမြို့နယ်အတွင်း၌ တည်ဆောက်လျက်ရှိကြောင်း။

ဝလချောင်း ရေလှောင်တမံသည် ဝလချောင်းကို ပိတ်ပြီး တည်ဆောက်ခဲ့သည့် တမံတစ်ခုဖြစ်ပြီး တမံအလျားသည် ပေ ၇၀၀၊ အမြင့် ၂၃ပေရှိကြောင်း၊ ဝလချောင်း ရေလှောင်တမံ တည်ဆောက်ပေးခြင်းအားဖြင့် ရေသောက်ဧက ၁၀၀ရေရရှိမည်ဖြစ်ပြီး ဒေသစိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း၊ ဆည်တည်ဆောက်ပြီး ရေစတင်သိုလှောင်ခဲ့ရာ ယခုအခါတွင် ၁၄ဒသမ ၇ပေသို့ ရောက်ရှိနေပြီဖြစ်ပြီး ယင်းရေများကို ထုတ်သုံးပြီး ယခုအခါ မိုးစပါး စတင်စိုက်ပျိုးနေကြောင်း သိရှိရသည့်အတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ ဆက်လက်ပြီးလည်း စိုက်ပျိုးသွားပါဟု မှာကြားလိုကြောင်း။

ဝလချောင်း ရေလှောင်တမံကို တည်ဆောက်ခဲ့ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အနေဖြင့်လည်း ဆည်စတင်တည်ဆောက်စဉ်ကစပြီး တောင်သူများနှင့် လိုအပ်သည်များကို ညှိနှိုင်းပေးခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေးခဲ့သည့်အတွက် အချိန်တိုအတွင်းတွင် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း သိရှိရသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဝလချောင်း ရေလှောင်တမံဖွင့်ပွဲ၌ အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## ဝိုင်းဝန်းကူညီ

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ဝလချောင်း ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တောင်သူများက ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြပါဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ဝလချောင်း ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့်ဧည့်သည်များသည် ဝလချောင်း ရေလှောင်တမံကိုလှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ဝလချောင်းရေလှောင်တမံအနီးတွင် စိုက်ပျိုးထားသော ရွှေဘို(၂) မိုးစပါးစိုက်ခင်းသို့သွားရောက်ကြည့်ရှုစစ်ဆေး၍ အောင်မြင်ဖြစ်ထွန်းနေမှုအတွက် သက်ဆိုင်ရာ လယ်သမားများကို အားပေးစကား ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့်ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့သည် ဝလချောင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခြင်းအခမ်းနားသို့ တက်ရောက်ကာ ငါးမျိုးများကို စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးတို့သည် ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကံကုန်း၊ ကျောက်မျက်၊ ဒုံးတော၊ ရွာသာ၊ တောင်ပလူ၊ ဖောင်းကား(မြောက်)၊ ရွာရှည်၊ ထနောင်းကုန်းနှင့် ညောင်ပင်ကြီးကျေးရွာတို့မှ ဒေသခံပြည်သူ စုစုပေါင်း ၃၂၀၀တို့တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံပြည်သူတစ်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် ကံကုန်းကျေးရွာသည် ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာတစ်ခုဟု မိမိသိထားကြောင်း၊ စီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်မှုရှိနေကြောင်း၊ အိမ်ခြေ ၆၀၀ ကျော်ရှိသည့် ကံကုန်းကျေးရွာသည် အိမ်ခြေ၁၀၀၌ ရုပ်မြင်သံကြားပြစက်များရှိနေကြောင်းကို စာရင်းကောက်ယူမှု မှတ်တမ်းအရ သိရှိရသဖြင့် ဝမ်းသာကျေနပ်မိကြောင်း၊ အချို့အားဖြင့် ခြောက်အိမ်တစ်လုံး ရှိနေသည့် သဘောဖြစ်ကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှုများသည့် ကျေးရွာလည်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းတွင် ဖွံ့ဖြိုးတိုးတက်သောဒေသများအနက် ကံကုန်းကျေးရွာလည်း မှတ်တမ်းပါဝင်နေကြောင်း၊ တစ်ဘက်ကလည်း ရာဇဝတ်မှုခင်းများလျော့နည်းပပျောက်အောင် ထိန်းသိမ်းကြစေလိုကြောင်း။

## တိုးချဲ့ဖွင့်လှစ်

စစ်ကိုင်းတိုင်းကိုအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးသော ဒေသအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ချဲထီအပါအဝင် လောင်းကစားမှုများကို နှိမ်နင်းလျက်ရှိကြောင်း၊ ချဲဒိုင်နှင့် ချဲထိုးသူကို ဖမ်းမိပါက သက်ဆိုင်ရာ တာဝန်ရှိသူများကိုပါ အရေးယူလျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းသည် ပညာရေးဖွံ့ဖြိုးတိုးတက်သော တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်အများအပြားဖွင့်လှစ်ထားရုံမျှမက မူလတန်းကျောင်း ၃၉၀၀ ကျောင်း၊ မူလတန်းလွန် ၁၀၂၈၊ အထက်တန်းကျောင်း ၅၈ကျောင်းအထိ တိုးချဲ့ ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ကမ္ဘာအရပ်ရပ်တွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လျက်ရှိရာ ထိုနည်းပညာများဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရက ပညာရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးစားပေး ဆောင်ရွက်နေကြောင်း၊ ကျေးရွာများတွင်လည်း ကျောင်းမထားသည့်ကလေး၊ ကျောင်းမနေသည့်ကလေးများမရှိစေချင်ကြောင်း၊ တချို့မိဘများက မိမိတို့သားသမီးများကို သေစာရှင်စာတတ်ရုံသင်ကြားခွင့်ပေးခြင်းသည် လွဲမှားသောအယူအဆဖြစ်ကြောင်း၊ မိမိတို့၏သားသမီးများကို ပညာရေးဆုံးခန်းတိုင်အောင် သင်ယူခွင့်ပြုစေလိုကြောင်း၊ ဘွဲ့ရရုံဖြင့်မပြီးသေးဘဲ တကယ်တတ်အောင်သင်နိုင်မှ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ကြောင်း။

ယနေ့လူငယ်သည် နောင်ဝယ် လူကြီးဖြစ်လာမည်ဖြစ်၍ တန်ဖိုးရှိသော လူကြီးများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးသင့်ကြောင်း၊ မိမိတို့အနေဖြင့် ယနေ့လူငယ်သည် နောင်ဝယ် အင်အားဖြစ်စေချင်ကြောင်း၊ တိုင်းပြည် အတွက်အားထားရသော အင်အား ဖြစ်ရန် လိုကြောင်း၊ ယနေ့လူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရန် ပညာနှင့်နည်းပညာ ကျွမ်းကျင်သူများ ထောင်ဂဏန်း၊ သောင်းဂဏန်းအထိရှိမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ထူးချွန်သူများ အရေအတွက်များများ မွေးထုတ်ပေးရန် လိုကြောင်း။

ယခုအခါ မြန်မာနိုင်ငံသည် အေးချမ်းတည်ငြိမ်နေသော နိုင်ငံတစ်ခုဖြစ်ကြောင်း၊ တပ်မတော်အစိုးရ လက်ထက်တွင် နယ်မြေဒေသအများအပြား၌ ငြိမ်းချမ်းခြင်းအရသာကို ခံစားနေရပြီဖြစ်ကြောင်း၊ သောင်းကျန်းသူအဖွဲ့အစည်းများလည်း နည်းနေပြီဖြစ်ကြောင်း၊ မကြာသေးသော ဇူလိုင် ၆ ရက်က ရှမ်းပြည် တပ်မတော် (တောင်ပိုင်း)(SSA-S)ရှက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး မိန်းစင် ဦးစီး အင်အား ၈၄ဦးမှာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး ဖြစ်ကြောင်း၊ ငြိမ်းချမ်းမှု၊ တိုင်းပြည်တည်ငြိမ်မှုရှိမှ ပြည်သူများ လိုလားနေသော ဒီမိုကရေစီစနစ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

## ဟန့်တားကာကွယ်

ဒီမိုကရေစီစနစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံတွင်လည်း ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်၍ အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် ကူးပြောင်းရာတွင် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်မှုများ ရရှိနေသည်ကို မလိုလားသော အဖျက်အမှောက်သမားများ၊ ဆန့်ကျင်အဖွဲ့အစည်းများက မြေပေါ်မြေအောက် တိုက်ကွက်များဖြင့် တိုက်ခိုက်လျက်ရှိကြောင်း၊ အဖျက်အမှောက်သမားများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့နှင့် အတူ ပြည်သူများပူးပေါင်း၍ တိုက်ဖျက်ဟန့်တားကာကွယ်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် တိုင်းမှူးက ကံကုန်းကျေးရွာအုပ်စုအတွက် သတင်းစာ၊ ဂျာနယ်များ၊ အားကစားပစ္စည်းများ၊ ကျောင်းစိမ်းလုံချည်များ၊ ကျောင်းသုံးဗလာစာအုပ်များကိုပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ကျောင်းသုံးစာအုပ် ၅၀၊ ဗလာစာအုပ် ဒါဇင်၁၀၀၊ ခဲတံငါးဒါဇင်၊ ဘောလ်ပင် အချောင်း၅၀ တို့ကို လည်းကောင်း၊ ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ စာသင်ခုံ ၁၀ခုကို လည်းကောင်း၊ စာကြည့်တိုက်သုံး သုတ၊ ရသ စာအုပ်မျိုးစုံ၇၂ အုပ်၊ စောင် ၁၀ ထည်၊ မွေးဆပ်ပြာ ၅၅ ခဲ၊ ခြင်ထောင် ငါးလုံးနှင့် အဝတ်အထည်များကိုလည်းကောင်း၊ ဗွီစီဒီရုပ်ရှင်နှင့် တေးသီချင်းအခွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

## လှူဒါန်း

ယင်းနောက် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ဗလာစာအုပ်နှင့် ဘောလ်ပင်များကို ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ပေးအပ်လှူဒါန်းသည်။ ထို့နောက် စေတနာရှင် ဦးမောင်မောင်-ဒေါ်ခင်စောသိုက်တို့က ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ ပစိဖိတ်အေးရှားထရိုတ်တက်ကုမ္ပဏီက ကံကုန်းကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေ ကျပ်ငါးသိန်း ကို လည်းကောင်း၊ ဦးမောင်မောင်-ဒေါ်ခင်စောသိုက် မိသားစုက ကံကုန်း တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအတွက်ငွေကျပ်၅၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(သတင်းစဉ်)**



# အင်းစိန် ဖောင်တော်ဦးမတ်ရပ်ဘုရား

## မဟာရံတံတိုင်း၊ တံခွန်တိုင်နှင့်ရင်ပြင်ပတ်လမ်း ရေစက်ချ

ရန်ကုန် ဇူလိုင် ၁၅

**အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦးမတ်ရပ်တော်ဘုရား မဟာရံတံတိုင်း၊ တံခွန်တိုင်နှင့် ရင်ပြင်တော်ပတ်လမ်း ရေစက်ချအခမ်းအနားကို ဇူလိုင်၈ရက် နံနက်၉နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်ရှိ အဆိုပါ ဖောင်တော်ဦးမတ်ရပ်တော်ဘုရားကြီး ပရိဝုဏ်ရှိ ဖောင်တော်ဦး ဓမ္မရိပ်သာဓမ္မာရုံတော်၌ ကျင်းပသည်။**

### ဖဲကြိုးဖြတ် ဖွင့်လှစ်

ရေစက်ချအခမ်းအနားမစတင်မီ အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦး မတ်ရပ်တော် ဘုရားကြီး မဟာရံတံတိုင်း၊ တံခွန်တိုင်နှင့် ရင်ပြင်တော် ပတ်လမ်းတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဖောင်တော်ဦး မတ်ရပ်တော် ဘုရားကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ အင်းစိန်မြို့ ရွာမပရိယတ္တိ စာသင်တိုက်၏ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောက ဘိဝံသ၊ ရန်ကုန်မြောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် သီဟသုဓမ္မမဏိဇောတရေ ဦးစိုးသိမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလှူရှင်များဖြစ်ကြသည့် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်နေ ဦးမိုးကျော်စော၊ ဒေါ်လှဲလှဲဝင်းမိသားစုက တံခွန်တိုင်ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၄၅၀၀၀၀၊ ဗဟန်းမြို့နယ် သာယာဝတီလမ်းနေ ဦးမျိုးအောင်၊ ဒေါ်ရွှေဇင် T-ZAR Co., Ltd. မိသားစုက ရင်ပြင်တော်ပတ်လမ်း တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၆၀၊ အလှူရှင်၂၃ဦးတို့က မဟာရံတံတိုင်း ဆောက်လုပ်ရန်အတွက် ငွေကျပ် သိန်း၇၀ စုစုပေါင်းအလှူငွေကျပ် ၁၄၄သိန်း ၅သောင်းကို ရေစက်ချလှူဒါန်းခြင်းဖြစ်သည်။ **(သတင်းစဉ်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ၂၀၀၆ ကမ္ဘာ့ဖလား နောက်ဆက်တွဲဂယက်များ

**၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ပြီးဆုံးသွားခဲ့ပြီ ဖြစ်သော်လည်း နောက်ဆက်တွဲ သတင်းဂယက်များနှင့် ကမ္ဘာ့ဘောလုံးသတင်းများအား မြန်မာ့အလင်း ဘောလုံး ပရိသတ် အတွက် စုစည်းဖော်ပြလိုက်ပါသည်။**

စုစည်းတင်ပြသူ
**မောင်မောင်မြင့်ဆွေ**

## ဇီဒန်းကို ရန်စခဲ့သည့်

## မာတာရာဇီ ဖီဖာနှင့် တွေ့ဆုံမည်

ကမ္ဘာ့ဖလား ဗိုလ်လုပွဲ၌ ပြင်သစ်ကပ္ပတိန် ဇီဒန်းအား ရန်စကား ပြောကြားခဲ့သည်ဟု စွပ်စွဲခံထားရသည့် အီတလီ နောက်ခံလူ မာတာရာဇီက ဇူလိုင်၂၀ရက်တွင် ဖီဖာနှင့် တွေ့ဆုံဖြေရှင်းမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။



**အီတလီနောက်ခံလူ မာတာရာဇီ။**

ဇူးရစ်မြို့တွင် ဖီဖာစည်းကမ်း ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌနှင့် မိမိတွေ့ဆုံမည်ဖြစ်ကြောင်း၊ မိမိအဖြစ်မှန်များကိုသာ ပြောကြားသွားမည် ဖြစ်ကြောင်း၊ ယင်းအတွက် မိမိအနေဖြင့် စိုးရိမ်ပူပန်မှု မရှိကြောင်း မာတာရာဇီက ပြောကြားသည်။

မာတာရာဇီသည် စိတ်သဘောထား ကောင်းမွန်သူ တစ်ဦးဖြစ်ကြောင်း၊ ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် တွေ့ရမှုအတွက် စိတ်ပူပန်မှုမရှိကြောင်း၊ အချိန်ပြည့် စိတ်လက် ပေါ့ပါးမှုဖြစ်နေကြောင်း မာတာရာဇီ၏ အေးဂျင့်ဖြစ်သူ ကောဒီရိုဗီဂိုရီလီက ပြောကြားသည်။

## ခရိုအေးရှားနည်းပြကို ထုတ်ပစ်ပြီ

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲ၌ အုပ်စုပွဲ၌ပင် စောစောစီးစီး ထွက်ခဲ့ရသော ခရိုအေးရှားအသင်း၏ နည်းပြဖြစ်သူ ဇာလက်ကိုကရန့်လ်ကာအား နည်းပြရာထူးမှ ထုတ်ပစ်လိုက်ပြီ ဖြစ်ကြောင်း ခရိုအေးရှားဘောလုံးအဖွဲ့ချုပ်က ကြေညာလိုက်သည်။

ခရိုအေးရှား ဘောလုံးအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၉ဦးတို့က မဲဆန္ဒဖြင့် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး နည်းပြအသစ်ကို နောက်သီတင်းပတ်အတွင်း အစားထိုး တာဝန်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ခန့်အပ်မည့် ခရိုအေးရှားနည်းပြသစ်သည် နိုင်ငံခြားနည်းပြတစ်ဦး ဖြစ်ဖွယ်ရှိကြောင်း၊ ၎င်းနည်းပြသစ်သည် ခရိုအေးရှားအသင်းအား ယူရို ၂၀၀၈ ခြေစစ်ပွဲ အောင်မြင်ရန် တာဝန်ယူရမည်ဖြစ်ကြောင်း သိရသည်။ ခရိုအေးရှားသည် ယူရို ၂၀၀၈ ဘောလုံးခြေစစ်ပွဲအဖြစ် အင်္ဂလန်၊ ရုရှား၊ မက်ဆီဒိုးနီးယား၊ အစ္စရေးနှင့် အင်ဒိုရာအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## ပရိသတ်ဆန္ဒအရ အကောင်းဆုံး

## ဘောလုံးသမား ၁၀ဦး

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တစ်လျှောက် ပွဲတိုင်းခြေစွမ်းပြနိုင်မှုနှင့် ကြိုးစား အားထုတ်မှုများအပေါ်တွင် ကမ္ဘာ့ဘောလုံး ပရိသတ်၏ ဆန္ဒသဘောထားများကို ကောက်ယူခဲ့ရာ၌ အကောင်းဆုံး ဘောလုံးသမား ၁၀ဦး ထွက်ပေါ်လာခဲ့သည်။

အဆိုပါ ဘောလုံးသမားများမှာ အစဉ်လိုက်အနေဖြင့် **ကလိုဆေး၊ ရီကွယ်မီ၊ ကင်နာဗာရို၊ လာဆင်၊ ဘောလက်၊ ဘတ်ဖွန်း၊ ဇီဒန်း၊ ဂတ်တူဆို၊ မာတာရာဇီနှင့် ခရက်စပို** တို့ ဖြစ်ကြသည်။

ဒုတိယအကောင်းဆုံး ၁၀ဦးကို ထပ်မံ သဘောထားတောင်းယူရာ၌ **ဇမ်ဘရော့တာ၊ စီရိုနယ်ဒို၊ မက်ဆီ၊ ဖီဂို၊ ပိုဒေါ့စကီး၊ အွန်နရီ၊ ပီယာလို၊ အာယာလာ၊ ဖရင်းစ်နှင့် ဒေကို** တို့ ဖြစ်ကြောင်း သိရသည်။

## ဆွစ်ဇာလန် ဂိုးသမား

## ဝက်စ်ဘရွန်းနှင့် စာချုပ်ပြီ

၂၀၀၆ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင် ဆွစ်ဇာလန်အသင်း ဂိုးသမား ပါစကယ်ဇူဘာဘူဟီရာသည် အင်္ဂလိပ် ပရီမီယာလိဂ်အသင်း ဝက်စ်ဘရွန်းတွင် ကစားရန် နှစ်နှစ် စာချုပ် ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။ အသက်၃၅နှစ်အရွယ်ရှိ ဆွစ်ဇာလန်ဂိုးသမား ပါစကယ်ဇူဘာဘူဟီရာသည် အက်ဖ်စီဘာဆေးလ်အသင်းမှ အလွတ်ပြောင်းရွှေ့လာသူ ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ပါစကယ်ဇူဘာဘူဟီရာသည် ဆွစ်ဇာလန်အသင်းအတွက် လက်စွမ်းပြ ကစားနိုင်ခဲ့သူ ဖြစ်သည်။



**နည်းပြ အဲရစ်ဆင်။**

ရွန်နေသည် အင်္ဂလန်အသင်းအတွက် အဖိုးတန် ဘောလုံးသမားဖြစ် ဒဏ်ရာများနှင့် လုံးပန်းနေရပြီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အနီကတ်ပြ အထုတ်ခံရသည့်ဖြစ်ရပ်များရှိခဲ့သော်လည်း ရွန်နေသည် အင်္ဂလန်အသင်း၏ အဖိုးတန် ဘောလုံးသမားအဖြစ် ရပ်တည်နေမည့်သူတစ်ဦး ဖြစ်ကြောင်း အဲရစ်ဆင်က ပြောကြားလိုက်သည်။

ရွန်နေ၏ ခြေစွမ်းမှာ တစ်ဖက်အသင်းကို တုန်လှုပ်ချောက်ချားစေသော ခြေစွမ်းဖြစ်ကြောင်း၊ တကယ်တမ်း တွန်းတွန်းတိုက်တိုက် ထိုးဖောက်ကစားလာလျှင် ဟန့်တားနိုင်သည့် ခံစစ်မှူးမရှိနိုင်ကြောင်း အဲရစ်ဆင်က ချီးမွမ်းလိုက်သည်။ **(အင်တာနက်)**




**ရွန်နေ။**

# ကမ္ဘာတစ်လွှား အားကစား

## ဂျူဗင်းတပ်စ်၊ ဖီအိုရင်တီးနားနှင့် လာဇီယို စီးရီးဘီသို့ ဆင်းရ အေစီမီလန်အသင်း စီးရီးအေ၌ ဆက်လက်ရှိမည်

ရေးသားတင်ပြသူ **မြင့်မောင်စိုး**

ရောမ ဇူလိုင် ၁၅

**အီတလီစီးရီးအေ အသင်းများဖြစ်သည့် ဂျူဗင်းတပ်စ်၊ လာဇီယိုနှင့် ဖီအိုရင်တီးနားအသင်းတို့ကို လုပ်ပွဲများ ကစားခဲ့ကြရာတွင် ပါဝင်ပတ်သက်မှုဖြင့် ဒုတိယတန်းအဆင့်သို့ လျှော့ချလိုက်ပြီ ဖြစ်သည်။**

ဂျူဗင်းတပ်စ်သည် ပြီးခဲ့သည့် ဖလားနှစ်လုံးကိုပါ အသိမ်းခံရသည့်အပြင် လာမည့် ရာသီတွင် ရမှတ် ၃၀ကိုပါ အလျှော့ခံရမည်ဟု ဆိုသည်။

အေစီမီလန်အသင်းသည် စီးရီးအေတွင် ဆက်လက်ရှိနေမည်ဖြစ်သော်လည်း လာမည့်ရာသီတွင် ၁၅မှတ် အလျှော့ခံရမည် ဖြစ်သည်။

ဂျူဗင်းတပ်စ်၊ မီလန်နှင့် ဖီအိုရင်တီးနားတို့သည် ချန်ပီယံလိဂ် ကစားခြင်းမှ အပိတ်ခံရမည်ဖြစ်ပြီး လာဇီယိုအသင်းသည် ယူအီးအက်ဖ်အေကစားခြင်းမှ အပိတ်ခံရမည်ဖြစ်သည်။

အင်တာ၊ ရိုးမား၊ ချီယေဗို၊ ပါလာမိုတို့သည် တတိယ၊ ပဉ္စမ၊ သတ္တမနှင့် အဋ္ဌမနေရာများသာရခဲ့ပြီး လာမည့်ရာသီတွင် ချန်ပီယံလိဂ်နေရာအတွက် အပြစ်ပေးခံရသော အသင်းများ၏နေရာတွင် ရောက်ရှိလာမည် ဖြစ်သည်။

လက်ချီ၊ မက်ဆီနာနှင့် ထရီဗီဆိုအသင်းများသည် စီးရီးဘီတန်းဆင်းဇုန်မှ လွတ်မြောက်မည် ဖြစ်ကြောင်း သိရသည်။



**လုပ်ပွဲကစားခဲ့ကြ၍ အပြစ်ပေးအရေးယူခံရသော အီတလီ စီးရီးအေ အသင်းများ၏ အမှတ်တံဆိပ်များ။**

### ဂျူဗင်းတပ်စ်

ဂျူဗင်းတပ်စ်အသင်းသည် စီးရီးဘီသို့ ဆင်းသွားပြီး လာမည့် ရာသီတွင် ရမှတ်၃၀ အနုတ်ခံရမည်ဖြစ်သည်။ ထို့အပြင် ရရှိခဲ့သော စီးရီးအေဖလားနှစ်လုံးကိုပါ လက်လွှတ်ရမည်ဖြစ်သည်။ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင် ချန်ပီယံလိဂ်မှ ထွက်ရမည်ဖြစ်သည်။ ဂျူဗင်းတပ်စ်အထွေထွေမန်နေဂျာဟောင်း လူစီယာနိမော့ဂျီဂျီသည် ငါးနှစ်အပိတ်ခံရမည် ဖြစ်သည်။ အလားတူ အမှုဆောင် အရာရှိသည်လည်း ငါးနှစ်အပိတ်ခံရမည်ဖြစ်သည်။

### အေစီမီလန်

အေစီမီလန်အသင်းသည်လာမည့်ရာသီတွင်၁၅မှတ် အနုတ်ခံရမည် ဖြစ်သည့်အပြင်၂၀၀၆-၂၀၀၇ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခွင့်ရမည် မဟုတ်ပေ။ ၎င်းအသင်းမှ ဒုဥက္ကဋ္ဌ အက်ဒရီယာနိုဂါလီယာနီသည်တစ်နှစ်အပိတ်ခံရသည်။ ကလပ်တာဝန်ရှိသူ လီယိုနာဒိုမီယာနီသည် သုံးနှစ်နှင့်ခြောက်လ အပိတ်ခံရသည်။

### ဖီအိုရင်တီးနား

ဖီအိုရင်တီးနား အသင်းသည် လာမည့် ရာသီတွင် စီးရီးဘီသို့ ရောက်ရှိသွားသည်။ ထို့အပြင်လာမည့် ရာသီတွင်၁၂မှတ်အဖြတ် ခံရမည်ဖြစ်သည်။ ၎င်းအသင်းသည် ၂၀၀၆-၂၀၀၇ ချန်ပီယံလိဂ်ဖလား ပြိုင်ပွဲပါဝင် ယှဉ်ပြိုင်ခွင့်လည်းမရခဲ့ဟုဆိုသည်။ အသင်းဥက္ကဋ္ဌဖြစ်သူ ဒယ်လာဗယ်လီသည် သုံးနှစ်နှင့် ခြောက်လ အပိတ်ခံရသည်။

### လာဇီယို

လာဇီယိုအသင်းသည် စီးရီးဘီသို့ တန်းဆင်းသွားခဲ့သည်။ ထို့အပြင် ၂၀၀၆-၂၀၀၇ ယူအီးအက်ဖ်အေဖလားပြိုင်ခွင့်ကိုပါ ရရှိလိမ့်မည်မဟုတ်ဟု သိရသည်။ ကလပ်အသင်းဥက္ကဋ္ဌ ကလေဒီ ယိုလော့တီတိုသည် သုံးနှစ် အပိတ်ခံရသည်။

အရေးယူခံရသော အဆိုပါ လေးသင်းက စွပ်စွဲချက်များကို ငြင်းဆိုထားသည်။ ဂျူဗင်းတပ်စ်အတွက် ကစားသမား ငါးဦး ထိခိုက် နစ်နာစေခဲ့သည်။ ယင်းတို့မှာ ဗီယာရာ၊ သူရမ်၊ ဒေးဗစ်ထရက်ဇီဂေး၊ နက်ဗက်နှင့် အီဘရာဟီမိုဗစ်တို့ ပါဝင်သည်။

ယင်း ကစားသမားများသည် အီတလီ ထိပ်တန်း ကလပ်များသို့မဟုတ် ဥရောပထိပ်တန်းကလပ်များသို့ ပြောင်းရွှေ့ကြဖွယ်ရှိသည်။ **(အင်တာနက်)**



## စကိုလာရီ ၂၀၀၈ခုနှစ်အထိ ပေါ်တူဂီအသင်းကို ဦးဆောင်မည်

**လစ္စဘွန်း ဇူလိုင် ၁၅**

ပေါ်တူဂီနည်းပြ စကိုလာရီသည် ပေါ်တူဂီအသင်းနှင့် စာချုပ်သစ်ကို ထပ်မံချုပ်ဆိုလိုက်ပြီး ၂၀၀၈ခုနှစ်တိုင်အောင် ပေါ်တူဂီနည်းပြအဖြစ် ဆက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသား စကိုလာရီသည် ဂျာမနီကမ္ဘာ့ဖလား ပြိုင်ပွဲတွင် ပေါ်တူဂီအသင်းကို စတုတ္ထဆုဆွတ်ခူးပေးနိုင်ရန် ဦးဆောင်ခဲ့သူဖြစ်သည်။ ၎င်း၏အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ပေါ်တူဂီအသင်းသည် ထိုသို့ ကမ္ဘာ့ဖလားတွင် အကောင်းဆုံးကစားပြနိုင်ခြင်းနှင့်အတူ စတုတ္ထဆုဆွတ်ခူးနိုင်ခြင်းမှာ အနှစ်၄၀အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

နည်းပြ စကိုလာရီသည် ဘရာဇီးနည်းပြအဖြစ် လုပ်ရန် ထင်ကြေးပေးနေသော်လည်း ပေါ်တူဂီအသင်းနှင့် နှစ်နှစ်ထပ်မံ၍ စာချုပ်လိုက်ပြီဖြစ်သည်။

၎င်းသည် ဧပြီလက အင်္ဂလန်နည်းပြ အဖြစ် ကမ်းလှမ်းခဲ့သော်လည်း ငြင်းဆိုခဲ့သည်။ စကိုလာရီသည် ၂၀၀၈ဥရောပချန်ပီယံပြိုင်ပွဲအထိ ပေါ်တူဂီအသင်းကို ဦးဆောင်သွားမည်ဖြစ်သည်။

အသက် ၅၇နှစ်အရွယ်ရှိ အဆိုပါနည်းပြသည် ဇူလိုင် ၃၁ရက်တွင် ယခင်ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်သည်။

ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ၎င်းအား ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖလားရယူပေးခဲ့သည့်အတွက် ဘရာဇီးအသင်းကို ပြန်လည်ဦးဆောင်ရန် ကမ်းလှမ်းခဲ့ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်မှ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

သို့ရာတွင် ၎င်းသည် ၂၀၀၂ဒီဇင်ဘာလမှစပြီး ယင်း၏မိသားစုနှင့်အတူ နေနိုင်သည့် အခွင့်အလမ်းကို ရွေးချယ်ကာ ဥရောပတွင်ပေါ်တူဂီ နည်းပြအဖြစ် လုပ်ကိုင်ခဲ့သည်။ **(အင်တာနက်)**



# ရေတာရှည်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း စာအောင်သံဃာတော်များ ဆုနှင်းပွဲကျင်းပမည်

**ရေတာရှည် ဇူလိုင် ၁၄**

ရေတာရှည်မြို့ အမှတ်(၅) ရပ်ကွက်အတွင်းရှိ သာသနာ့လင်းရောင်ကြည် ပရိယတ္တိစာသင်တိုက်၏ (၁၃) ကြိမ်မြောက် သံဃာအပါး ၁၀၀ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်ပွဲကို ဇူလိုင် ၉ရက် နံနက် ၉နာရီက အနန္တဂုဏ်ရည် ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇင်္ဂလက အဖွင့်ဩဝါဒကထာ မြွက်ကြားပြီး သံဃာအပါး ၁၀၀ တို့အား ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။

**စာအောင်ဆုနှင်းပွဲ**

အဆိုပါ သာသာနာ့လင်းရောင်ကြည် ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ဒသမအကြိမ်မြောက် သာသနာ့ဝိပုလဇာရီပရိယတ္တိစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသော စာအောင်သံဃာ ၃၅ ပါးတို့အား စာအောင်ဆုချီးမြှင့်ပေးအပ်ပွဲကို ဇူလိုင် ၂၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ဆုနှင်းသဘင်ပွဲ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ စေတနာရှင်အလှူရှင်များတက်ရောက်ကြည်ညိုသဒ္ဒါပွားများနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ဗုဒ္ဓပူဇနိယပွဲ၊ ကျောင်းတက်မင်္ဂလာပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်

**ကျောက်ပန်းတောင်း ဇူလိုင် ၁၃**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် မန်ကျည်းကုန်းအုပ်စု အိမ်အိုကျေးရွာ ရွာဦးကျောင်းတွင် ဗုဒ္ဓပူဇနိယပွဲ၊ ကျောင်းတက်မင်္ဂလာပွဲနှင့် မွေးရပ်မြေမှ ရန်ကုန်မြို့တွင် နေထိုင်ကြသော ဦးအောင်နိုင်၊ ဦးသောင်းရွှေ၊ ဦးသာအောင်၊ ဦးကြည်မောင်တို့ ဦးဆောင်ကျင်းပသော ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၉ရက်ကကျင်းပရာ အိမ်အိုကျေးရွာ ရွာဦးကျောင်း စီးကန်ကျောင်းပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသီဟထံမှ အိမ်အိုကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆင့်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဝါဆိုသင်္ကန်းအလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။**(အပေါ်ပုံ)**

ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် စီးကန်ဆရာတော်က ဩဝါဒကထာနှင့် ရေစက်ချအနုမောဒနာတရားဟောကြားပြီး အမျှအတမ်းပေးဝေကြသည်။

**ဧည့်ခံဖျော်ဖြေ**

ဗုဒ္ဓပူဇနိယပွဲကျောင်းတက်မင်္ဂလာပွဲနှင့် ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ယဉ်ကျေးမှုအနုပညာဦးစီးဌာန အကနည်းပြ ရွှေတံဆိပ်ကိုးဆုရှင် မသန္တာလင်း၊ မသူဇာလင်းနှင့် ယဉ်ကျေးမှုဇာတ်မင်းသား ကိုအေးလွင်တို့က အငြိမ့်ခန်းနှစ်ပါးခွင်အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(က-ပ)**



**မော်လမြိုင်မြို့ သာမည-မိုးကုတ် ဝိပဿနာဈေးကြိုဆန်တန်းကျောင်းသစ်ကျောင်း၌ ငွေကျပ်သိန်း ၂၅၀၀ကျော် အကုန်အကျခံတည်ဆောက်ဆဲဖြစ်သော အလိုတော်ပြည့်ဓမ္မာရုံ တည်ဆောက်ရန်အတွက် ကျောင်းသစ်ကျောင်း ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ တစ်ဘဝသာသနာအရှင်သောဘန B.Sc (Phy)ဆရာတော်ထံ မော်လမြိုင်မြို့ ရတနာထွန်းပွဲရုံတန်း ကျောက်စိမ်းလမ်းနေ ကိုသိန်းဝင်း-မလှလှဝင်း (စိန်ရတနာမိသားစု)က ငွေကျပ် ၃၅သိန်း ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**ကန့်ဘလူမြို့ တပင်ရွှေထီးလမ်း သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးအောင်ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)





**ဆိပ်ကြီးခနောင်တိုမြို့နယ် မိခင်နှင့်ကလေး စောင့် ရှောက်ရေး အသင်း ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ် သင်တန်းဖွင့်ပွဲကို ဇွန် ၂၄ ရက်က ဆိပ်ကြီးအရှေ့ရပ်ကွက်ရုံး၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမူက သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။** (မြို့နယ် ပြန်/ဆက်)

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မြင်းမူ ဇူလိုင် ၁**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို ဇွန် ၁၃ ရက်က မြင်းမူမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင်ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီအသင်းဝင်များက ဈေးအတွင်းအပြင် သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ရှုံ့ညွှန်များဆယ်ယူခြင်းများ ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

**(၁၆၇)**

# မိုးညှင်းမြို့၌ ချိုင့်နွယ်ပိတ်ပေါင်း ခုတ်ထွင်ရှင်းလင်း

**အင်္ဂပူ ဇူလိုင် ၁**

အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စုပေါင်း၍ ဇွန် ၂၀ ရက် နံနက် ၇ နာရီက အင်္ဂပူမြို့ ကန်သာယာလမ်းမရှိ လမ်းဘေးဝဲယာချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းဆောင်ရွက်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ **(၁၃၁)**

# ယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင်း

**မြောင် ဇွန် ၃၀**

စစ်ကိုင်းတိုင်း မြောင်မြို့နယ် ကျောက်ရစ်တိုက်နယ် ယဉ်ကျေးမှုစာမေးပွဲ စာအောင်ဆုနှင်းပွဲကို ဇွန် ၄ ရက် နံနက်က ကျောက်ရစ်ကျေးရွာ ကိုးဆောင်ကျောင်းတိုက်၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးပညာသာမိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ယဉ်ကျေးမှုအောင် အထူးဆုရသူများအား မြို့နယ်ဥက္ကဋ္ဌကလည်းကောင်း၊ မြန်မာစာအထူးအောင်မြင်သူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပပမင်းကလည်းကောင်း၊ ရိုးရိုးအောင်မြင်သူများအား တက်ရောက်လာကြသူများကလည်းကောင်း ဆုများချီးမြှင့်ကာ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ **(၃၆၇)**

# ပွင့်ဖြူမြို့၌ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ပွင့်ဖြူ ဇူလိုင် ၂၂

**ပွင့်ဖြူမြို့နယ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စံပြစာကြည့်တိုက် ၅၆တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။**

ပြောကြား

**အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက စံပြစာကြည့်တိုက် ၅၆ တိုက်၏ကိုယ်စား သက်တော်ရှည်ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းလှိုင်သို့ သုတရသစာအုပ်မျိုးစုံ အုပ် ၈၄၀ ကို ပေးအပ်လှူဒါန်းပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်စန်းမြင့်က စာအုပ်များလှူဒါန်းရခြင်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။**

လှူဒါန်း

**မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် ကျေးရွာစာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျေးရွာ ၂၀၄ ရွာရှိ စာကြည့်တိုက်များသို့ သုတရသစာအုပ်ပေါင်း ၁၈၂၃ အုပ်ကို လှူဒါန်းကြောင်း သိရသည်။** (မြို့နယ် ပြန်/ဆက်)

**ဝါးခယ်မမြို့ မြို့မဈေးကြီးအတွင်း ဇူလိုင် ၁ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးလှဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



# စာကြည့်တိုက်များတည်တံ့ရေး ငွေပဒေသာပင်စိုက်ထူ

**ဒီပဲယင်း ဇွန် ၃၀**

ဒီပဲယင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြတင်နှင့် ဓာတ်ပုံကျွမ်းကျင် (၂) ဦးသိန်းထွန်းအောင် တို့သည် ဇွန် ၈ ရက် နံနက်ပိုင်းက ဆပ်ပညာကျင်းကျေးရွာ ပညာမိုးစာကြည့်တိုက်တွင် ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ လူတိုင်းစာဖတ်ရေး၊ ငွေပဒေသာပင်စိုက်ထူရေးကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ရုံးချုပ်မှပေးပို့သည့် စာအုပ်များကို စာကြည့်တိုက်မှူး ဦးထွန်းလှိုင်ထံပေးအပ်ပြီး ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေပဒေသာပင် ကျပ်တစ်သိန်းကို စုပေါင်းစိုက်ထူကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြို့တော်ခန်းမအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး လက်ရာလက်သား သေသပ်ကောင်းမွန်ခိုင်ခံ့စွာတည်ဆောက်သွားရန် လမ်းညွှန်မှာကြား

❒ ရှေ့ဖုံးမှ

## တက်ရောက်

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို နံနက်၉နာရီတွင် နေပြည်တော်ဂေါက်ကွင်းအဆောက်အအုံရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နေပြည်တော်ဂေါက်ကွင်း အဆောက်အအုံရှေ့၌ ပိတောက်ပင်ကို ရှေးဦးစွာ စိုက်ပျိုးပေးပြီး မြေသြဇာထည့်၍ ရေလောင်းပေးသည်။

## အင်ကြင်းပင်စိုက်ပျိုး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ကြင်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခရေနှင့် ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ မြို့တော်ခန်းမအဆောက်အအုံ ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## မိုးလေဝသအခြေအနေ (ဇူလိုင် ၁၆ ရက်)

| | |
|---|---|
| နေပြည်တော် | နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ |
| ရန်ကုန် | ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ |
| မန္တလေး | မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ |

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး